# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၉)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပ
## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

# အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်နိုင်ရေး မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်တို့ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➔*

**ယနေ့ ဖတ် စ ရာ**

**နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို အားပေးကြရမည်**

ဆောင်းပါး ➢ စာ - ၆

**(၇၄) ကြိမ်မြောက် မယ်ကမ္ဘာပြိုင်ပွဲကို တန်ဇန်နီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်**

နိုင်ငံတကာသတင်း ➢ စာ - ၁၄



**အမှတ်(၅) အဆန် / အမှတ်(၆)အစုန် ရန်ကုန် - မန္တလေး - ရန်ကုန်ခရီးစဉ်၌ လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား တိုက်ရိုက်စတင် ပြေးဆွဲမည်**

ပြည်တွင်းသတင်း ➢ စာ - ၁၆

- PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အချို့သောနယ်မြေဒေသများတွင် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြခြင်းဖြစ်၊ ၂၀၂၄ ခုနှစ်နောက်ပိုင်းတွင် ၎င်းတို့အနေဖြင့် နိုင်ငံတော်၏ သဘောထားနှင့် တပ်မတော်၏ သဘောထားအမှန်များကို နားလည်သဘောပေါက်လာကာ ဥပဒေဘောင်အတွင်းသို့ တဖြည်းဖြည်းဖြင့် ဝင်ရောက်လာခဲ့ကြသည်ကို တွေ့မြင်ရမည်၊ ယခုအခါမိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ ဆက်လက်လျှောက်လှမ်းလျက်ရှိ၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ပါဝင်လာရေးဆောင်ရွက်သွားရန်လို
- အလားတူ EAO အဖွဲ့များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့များရှိသကဲ့သို့ လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် အဖွဲ့များလည်းရှိ၊ ပြီးခဲ့သည့်ကာလများအတွင်း မိမိတို့နှင့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီး နှစ်ဖက်သဘောတူညီချက်များရရှိခဲ့၊ အဆိုပါသဘောတူညီချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ထည့်သွင်းဆွေးနွေးအတည်ပြုဆောင်ရွက်သွားမည်ဖြစ်၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးလိုသည်များရှိပြီး အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ ၎င်းတို့၏အကျိုးအတွက် လက်နက်ကိုင်၍ ဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရှိရ

○ ရွှေဖုံးမှ

## တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့အစိုးရအဖွဲ့၏ ပထမဆုံး အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကျင်းပပြုလုပ်စဉ် မိမိအနေဖြင့် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုဆောင်ရွက်ရာတွင် PDF အမည်ခံအကြမ်းဖက်သမားများနှင့်ပတ်သက်သည့် အပိုင်းနှင့် EAO များနှင့်ပတ်သက်သည့် အပိုင်းဟူ၍ နှစ်ပိုင်းရှိကြောင်း။

PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါအချိန်တွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်မှုမရှိခဲ့ခြင်းကြောင့် တပ်မတော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှုအပေါ် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကြောင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်မှ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်တွင် ၎င်းတို့အနေဖြင့် ဆူပူဆန္ဒပြမှုများသာပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ၎င်းတို့အနေဖြင့် နိုင်ငံရေးအရဖြစ်ပေါ်လာသည့်ပြဿနာကို နိုင်ငံရေးနည်းလမ်းအရဖြေရှင်းမှုမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ထိုသို့အကြမ်းဖက်လမ်းစဉ်ကို လျှောက်လှမ်းခဲ့ခြင်းမှာ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်း အားနည်းမှုနှင့် ပြည်တွင်းပြည်ပမှ လှုံ့ဆော်သွေးထိုးမှုများကို တွန်းလှန်နိုင်သည့် အသိအမြင်အားနည်းမှုများကြောင့် ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ပွဲလန့်တုန်းဖျာခင်းလိုသည့် အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နယ်မြေများသို့ရောက်ရှိကြပြီး ပြည်ပမှထောက်ပံ့မှုများဖြင့် အကြမ်းဖက်သင်တန်းများတက်ရောက်ခြင်း၊ လက်နက်ခဲယမ်းများဝယ်ယူခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အချို့သောနယ်မြေဒေသများတွင် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်နောက်ပိုင်းတွင် ၎င်းတို့အနေဖြင့် နိုင်ငံတော်၏ သဘောထားနှင့် တပ်မတော်၏ သဘောထားအမှန်များကို နားလည်သဘောပေါက်လာကာ ဥပဒေဘောင်အတွင်းသို့ တဖြည်းဖြည်းဖြင့် ဝင်ရောက်လာခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ ဆက်လက်လျှောက်လှမ်းလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ပါဝင်လာရေး ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ EAO အဖွဲ့များနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့များရှိသကဲ့သို့ လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် အဖွဲ့များလည်းရှိကြောင်း၊ ပြီးခဲ့သည့်ကာလများအတွင်း မိမိတို့နှင့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီး နှစ်ဖက်သဘောတူညီချက်များ ရရှိခဲ့ကြောင်း၊ အဆိုပါ သဘောတူညီချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ထည့်သွင်းဆွေးနွေး အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးလိုသည်များရှိပြီး အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ ၎င်းတို့၏ အကျိုးအတွက် လက်နက်ကိုင်၍ ဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

### နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့်စွမ်းအားများ မြှင့်တင်

တစ်ဆက်တည်းတွင် လုံခြုံရေးပိုင်းနှင့်ပတ်သက်၍ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့်စွမ်းအားမြှင့်တင်ရေးကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလုံခြုံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေအရ တပ်မတော်အနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ပါဝင်ဖြေရှင်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများတွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို တပ်မတော်က ဖြေရှင်းဆောင်ရွက်သည်ကို တွေ့ရှိနိုင်ကြောင်း။

ရဲတပ်ဖွဲ့တွင် နယ်မြေထိန်းသိမ်းသည့် ရဲတပ်ဖွဲ့ (Armed Force Police) နှင့် ဥပဒေစည်းကမ်းပိုင်းဆိုင်ရာ ထိန်းသိမ်းသည့်ရဲတပ်ဖွဲ့ (Law Force Police) ဟူ၍ နှစ်မျိုးရှိကြောင်း၊ လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့် ပဋိပက္ခနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများစွာရရှိခဲ့သည်ကို တွေ့မြင်ရကြောင်း၊ စနစ်တကျလေ့ကျင့်ဆောင်ရွက်ပေးသွားမည်ဆိုပါက ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းပကားများ ယခုထက်ပိုမို တိုးတက်လာမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ အင်အားတည်ဆောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

ယခု မိမိတို့တာဝန်ထမ်းဆောင်ချိန် ၅ နှစ်တာကာလအတွင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့်စွမ်းအားများ မြှင့်တင်ပေးသွားရန်လိုကြောင်း၊ စည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ကောင်းမွန်သည့် အကျင့် (Good Practice) များရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သွားလာနေထိုင်မှုနှင့် ဝတ်စားဆင်ယင်မှုများ စည်းကမ်းများကောင်းမွန်ရန်နှင့် အဂတိတရားကင်းရှင်းမှုများရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### စွမ်းရည်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့များဖြစ်အောင် စနစ်တကျ လေ့ကျင့်ဆောင်ရွက်

အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်သူများနှင့် အဓိကထိတွေ့ဆောင်ရွက်လျက်ရှိသည့် ရပ်ကွက်ကျေးရွာအဆင့်၊ မြို့နယ်အဆင့်များ၌ တာဝန်ယူထားရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ အုပ်ချုပ်ရေးအခြေခံသဘောတရားများကို သိရှိနားလည်သော စွမ်းရည်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖြစ်ကြရန်လိုကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အဂတိများ ကင်းရှင်းရန်လိုကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့များဖြစ်အောင် စနစ်တကျ လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

### အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိ

အာဆီယံနှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု မိမိသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်က မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားထားပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံဘုံသဘောတူညီချက် (၅) ရပ်ပါအချက်များတွင် ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များနှင့် အခြားအချက်များကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုကွန်ရက်တွင် ဖော်ပြထားသည့် မှားယွင်းသော သတင်းအချက်အလက်များကိုအခြေခံပြီး မိမိတို့အပေါ် ဖိအားပေးလုပ်ဆောင်နေခြင်းများလည်းရှိကြောင်း၊ အချို့အာဆီယံအဖွဲ့ဝင်နိုင်ငံများက ပြင်ဆင်လိုကြသည်များလည်းရှိကြောင်း၊ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်နိုင်ရေး မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

### တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြ

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက အာဆီယံဘုံသဘောတူညီချက် (၅) ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ အာဆီယံအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်လျက်ရှိမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သည့် သဘောထားအမြင်များ ပြောင်းလဲထားရှိလာမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အရည်အချင်းရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး၊ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ကောင်းမွန်စေရေးတို့အတွက် စွမ်းရည်မြှင့်တင်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးသွားရန် လိုအပ်မှုတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်သမ္မတ၏ ဖိတ်ခေါ်ထားရှိမှုနှင့်ပတ်သက်၍ လွှတ်တော်စင်မြင့်တွင် ထည့်သွင်းဆွေးနွေးသွားမည့် အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် အားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် အာဆီယံလွှတ်တော်အချင်းချင်း တွေ့ဆုံဆွေးနွေး ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက နယ်မြေဒေသအလိုက် စစ်ဆင်ရေး၊ လုံခြုံရေး၊နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများ၊

*စာမျက်နှာ ၄ သို့*

**“ ယခုမိမိတို့တာဝန်ထမ်းဆောင်ချိန် ၅ နှစ်တာကာလအတွင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းရည်နှင့်စွမ်းအားများ မြှင့်တင်ပေးသွားရန်လို၊ စည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ကောင်းမွန်သည့်အကျင့် (Good Practice) များရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရမည်၊ သွားလာနေထိုင်မှုနှင့် ဝတ်စားဆင်ယင်မှုများ စည်းကမ်းများ ကောင်းမွန်ရန်နှင့် အဂတိတရားကင်းရှင်းမှုများရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ် ”**

*စာမျက်နှာ ၃ မှ*

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဝင်များ အနေဖြင့် ဥပဒေဘောင်အတွင်းသို့ စဉ်ဆက်မပြတ် ဝင်ရောက်လာနေမှုအခြေအနေများ၊ နယ်မြေဒေသ အလိုက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများအား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်မှု ကာလပြည့်မြောက်ခဲ့သူများအား တိုင်းစစ်ဌာနချုပ်များအလိုက် ဂုဏ်ပြုပေးခဲ့သည့် အခြေအနေများကိုလည်းကောင်း။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်က ပြည်သူ့စစ်မှုထမ်းသင်တန်းများအား စဉ်ဆက်မပြတ်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက အချို့သောအာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအပေါ် အပြုသဘောဆောင်သည့် ရှုမြင်သုံးသပ်ချက်များအား တွေ့မြင်ရရှိလာမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အကြံပြုတင်ပြချက်များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေက မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ကာလအတွင်း အမှုအခင်းများဖြစ်ပွားခဲ့မှုနှင့် ယခင်ကာလတူနှိုင်းယှဉ်သုံးသပ်တင်ပြချက်များ၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေဒေသလုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ တိုးတက်ဖွဲ့စည်းနိုင်ခဲ့မှု၊ မူးယစ်ဆေးဝါးများ စိစစ်ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့မှု၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးမှူးများ၏ စွမ်းဆောင်ရည်များ တိုးတက်လာစေရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အချို့သောနယ်မြေဒေသများ၌ ယာယီနေရပ်စွန့်ခွာနေရသူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုနှင့် ယာယီခိုလှုံရေးစခန်းများအား အပြီးတိုင်ပိတ်သိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော် မီးခိုးမြူငွေ့ပပျောက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများ၏ ရှေ့မှောက်၌ အဆင့်မီမီကျင်းပနိုင်ခဲ့ပြီး ပေါ်ထွက်လာခဲ့သည့် ဒီမိုကရေစီအစိုးရတစ်ရပ်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများနှင့် ပဋိပက္ခများကြောင့် နောက်ဆက်တွဲအနေဖြင့်နိုင်ငံတကာတွင် လောင်စာဆီအခက်အခဲများ ကြုံတွေ့ရလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ပြည်တွင်းလောင်စာဆီ အခက်အခဲ၊ အကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လောင်စာဆီနှင့် သွင်းအားစုများ ရရှိနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုတင်စုဆောင်း ဖြည့်တင်းထားရှိရန်လိုကြောင်း။

ယခင်နှစ်များအတွင်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် ဖိဖိစီးစီးကိုင်တွယ်ဖြေရှင်း တိုက်ဖျက်သွားကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍လည်း အဓိကထုတ်လုပ်နေသည့် နေရာများကို ဖော်ထုတ်ရှင်းလင်း တိုက်ဖျက်သွားနိုင်ရန်လိုကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည် ဟုဖော်ပြပါရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံခြားရေးမူဝါဒ အဓိပ္ပာယ်ဖော်ပြချက်များကို တိတိကျကျသိရှိနားလည်ထားကြရန်နှင့် ၎င်းအပေါ်တွင် ရပ်တည်၍ ဆက်ဆံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများနှင့်ပတ်သက်၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ဆက်စပ်လျက်ရှိပြီး အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားမှသာလျှင် ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရောထွေးမှုမရှိစေရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ကွဲပြားစွာ သိရှိထားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

> ❖ **မိမိတို့အနေဖြင့် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများ၏ ရှေ့မှောက်၌ အဆင့်မီမီကျင်းပနိုင်ခဲ့ပြီး ပေါ်ထွက်လာခဲ့သည့် ဒီမိုကရေစီအစိုးရတစ်ရပ်ဖြစ်၊ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများနှင့် ပဋိပက္ခများကြောင့် နောက်ဆက်တွဲအနေဖြင့် နိုင်ငံတကာတွင် လောင်စာဆီအခက်အခဲများ ကြုံတွေ့ရလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိ၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ပြည်တွင်းလောင်စာဆီအခက်အခဲ၊ အကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်လောင်စာဆီနှင့် သွင်းအားစုများရရှိနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုတင်စုဆောင်းဖြည့်တင်းထားရှိရန်လို**
>
> ❖ **နယ်စပ်ဒေသများနှင့်ပတ်သက်၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ဆက်စပ်လျက်ရှိပြီး အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားမှသာလျှင် ငြိမ်းချမ်းရေးတည်ဆောက်မှုကိုလည်း အထောက်အကူဖြစ်စေနိုင်မည်၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရောထွေးမှုမရှိစေရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ကွဲပြားစွာသိရှိထားကြရန်လို**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး H.E .Mr. Xu Qin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့်တည်ခင်းဧည့်ခံ



**နေပြည်တော် မေ ၂၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး H.E .Mr. Xu Qin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟေလုံကျန်းပြည်နယ် ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး H.E . Mr. Xu Qin က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ဧည့်သည်တော်များနှင့်အတူ ညစာကို ချစ်ကြည်ရင်းနှီးစွာ အတူတကွ သုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနက သာယာငြိမ့်ညောင်းသော ဂီတသံစဉ်များဖြင့် ဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူးတို့က ဖျော်ဖြေခဲ့ကြသည့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ပြီး အပြန်အလှန် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး H.E. Mr. Xu Qin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ခံဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှည်ကြာကောင်းမွန်ခဲ့ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဟေလုံကျန်းပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများမြင့်တင်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံ အဆင့်မြင့်ခေါင်းဆောင်များ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ခဲ့မှုအခြေအနေများ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ လူငယ်ကဏ္ဍနှင့် ပညာရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး နှစ်နိုင်ငံအကြား လယ်ယာထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးနည်းပညာများ တိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများတိုးတက်စေရေး မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)မှ တစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တရုတ်နိုင်ငံ ဟာဘင်းမြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့တို့ကို ညီအစ်မမြို့များအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ်တို့အကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး H.E. Mr. Xu Qin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဂါရဝပြုတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး H.E. Mr. Xu Qin တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**“နှစ်နိုင်ငံနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှည်ကြာကောင်းမွန်ခဲ့ပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဟေလုံကျန်းပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ်တို့အကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး”**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို အားပေးကြရမည်

**စောအောင်လင်း**

> **“နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတွေကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားဖို့အတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော်နေပါတယ်။ ကျောင်းနေအရွယ်ကလေး အားလုံး ကျောင်းတက်နိုင်ရေးနဲ့ KG + 9 ပြီးမြောက်ရေး၊ အလယ်တန်းပညာရေး ပြီးဆုံးအောင်မြင်သူတွေကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေမှာ တက်ရောက်သင်ယူနိုင်ရေး၊ အသက်မွေးဝမ်းကျောင်း အခြေခံတွေရရှိနိုင်ဖို့ Grade 10၊ Grade 11၊ Grade 12 အတန်းတွေမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုနည်းပညာရပ်များ သင်ကြားနိုင်ရေး၊ အဆင့်မီသူတွေကို သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တွေမှာ ဆက်လက်ပညာ သင်ကြားနိုင်ရေးအစီအမံတွေကို အကောင်အထည်ဖော်လျက်ရှိတာတွေ့ရ”**

နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးကဏ္ဍဟာ ပင်မရေသောက်မြစ်ဖြစ်တယ်လို့ ဆိုကြပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်တွေ အများကြီး လိုအပ်ပါတယ် ။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ ပညာတတ်တွေများကြသလို ပညာတတ်တွေများတဲ့ နိုင်ငံတွေဟာ အခြားနိုင်ငံတွေထက် ပိုပြီးတိုးတက်ကြပါတယ်။ ဒါကြောင့် နိုင်ငံတိုင်းမှာ ပညာရေးကဏ္ဍကိုအလေးထားပြီး ပညာရေးရင်းနှီးမြှုပ်နှံမှုတွေကို ဆောင်ရွက်နေကြပါတယ်။

ပညာဆိုတာ ခွဲခြားသိမြင်နိုင်သော အသိဉာဏ်၊ အတတ်လို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အလုပ်တိုင်းမှာ ပညာတတ်မြောက်သူတွေက သာမန်သူတွေထက် ပိုပြီးတိုးတက်အောင်မြင်ကြပါတယ်။ ပညာမဲ့တဲ့သူ၊ နိမ့်ပါးသူတွေကတော့ ဘဝကို ပင်ပန်းကြမ်းတမ်းစွာ ဖြတ်သန်းရုန်းကန်ကြရပါတယ်။ ပညာတတ်တွေနဲ့သာ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုပြီးတိုးတက်အောင် ဆောင်ရွက်နိုင်ပါမယ်။ ပညာတတ်တွေနည်းပါးရင် မိမိအပါအဝင်၊ မိသားစု၊ ရပ်ရွာဒေသနဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ အောင်မြင်အောင် ဆောင်ရွက်ဖို့ ခက်ခဲနိုင်ပါတယ်။ ဖိုးသုညတွေနဲ့ နိုင်ငံတည်ဆောက်လို့မရဘူးလို့ ဆိုပါတယ်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ လူတိုင်းပညာတတ်မြောက်မှုအားနည်းခဲ့ပါတယ်။ စစ်အတွင်းပညာသင်ကြားဖို့ ခက်ခဲခဲ့ကြပါတယ်။ တချို့က သေစာ ရှင်စာ ဖတ်တတ်ရင် တော်လောက်ပြီဆိုတဲ့ မှားယွင်းတဲ့အယူအဆကြောင့် ပညာတတ်တွေ နည်းပါးခဲ့ပါတယ်။ အထူးသဖြင့် မြို့ပြနေကြသူတွေထက် ကျေးလက်ဒေသမှာ နေထိုင်ကြသူတွေဟာ ပညာတတ်မြောက်မှုပိုပြီး နည်းပါးကြပါတယ်။ အမြင်ကျယ်သူတွေကတော့ မိမိတို့ရဲ့ သားသမီးတွေကို ပညာတတ်ဖြစ်အောင် ပျိုးထောင်ပေးခဲ့ကြပါတယ်။ ဘယ်လိုဖြစ်ဖြစ် ပညာတတ်သူနဲ့ ပညာနည်းသူရဲ့ အရည်အသွေးတွေဟာ ကွာခြားနေတာကြောင့် ကျောင်းနေအရွယ်ကစပြီး ပညာတတ်မြောက်အောင် သင်ကြားပေးကြဖို့လိုပါတယ်။

အရင်က ပညာကို အတတ်ပညာနဲ့ အသိပညာလို့ ခွဲခြားနိုင်ပေမယ့် လက်ရှိကာလမှာ နည်းပညာဆိုတာလည်း ပါဝင်လာပါတယ်။ အတတ်ပညာဆိုတာ နှုတ်မှုလက်မှုပညာ၊ အသိပညာဆိုတာ ကြားမြင်ရာမှဖြစ်စေ၊ ဖတ်ရှုလေ့လာရာမှဖြစ်စေ ရရှိတာဖြစ်ပါတယ်။ နည်းပညာဆိုတာကတော့ တိုးတက်ပြောင်းလဲနေတဲ့ အခြေအနေတွေအရ ပေါ်ပေါက်လာတဲ့ အရည်အသွေးမြင့်တဲ့ ပညာရပ်တစ်ခုဖြစ်ပါတယ်။ အတတ်ပညာ၊ အသိပညာတွေကို သင်ယူကြရမှာဖြစ်သလို နည်းပညာတွေကိုလည်း လေ့လာသင်ယူကြဖို့ လိုအပ်လာပါတယ်။

ဘယ်လိုပညာမျိုးကို သင်ယူသည်ဖြစ်စေ သင်ယူသူရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ကြိုးစားသင်ယူလိုစိတ်က အရေးကြီးပါတယ်။ ပညာအတူသင်ယူခဲ့ကြတာမှန်ပေမယ့် တစ်ဦးချင်းစီရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ကြိုးစားသင်ယူမှုတွေ မတူညီကြတာကြောင့် ပညာတတ်မြောက်မှုတွေ ကွဲပြားသွားပါတယ်။ ဒါကြောင့် ဥစ္စာရှာတဲ့ ဒုတိယအရွယ်မှာ ပညာတတ်မြောက်မှုအပေါ်မူတည်ပြီး ဆင်းရဲချမ်းသာဆိုတဲ့အလွှာတွေ ကွဲပြားသွားတာဖြစ်ပါတယ်။

ပညာသင်တဲ့အခါ အခြေခံကစပြီး သင်ယူကြတာမှန်ပေမယ့် တစ်ဦးချင်းစီရဲ့ ခံယူနိုင်မှု စွမ်းအား၊ ကြိုးစားအားထုတ်မှုနဲ့ ပြန်လည်အသုံးချနိုင်မှုတွေအပေါ်မူတည်ပြီး အရည်အသွေးတွေ မတူညီကြတာဖြစ်ပါတယ်။ ဥပမာအနေနဲ့ မူလတန်းပညာ စပြီးသင်ကြတော့ မြန်မာအက္ခရာတွေက အဝိုင်းပုံစံဖြစ်တာကြောင့် ဝလုံးကို ဝိုင်းနေအောင်ရေးတတ်ဖို့ အရင်ဆုံး ဝလုံးအက္ခရာရေးတာကို စပြီးသင်ခဲ့ကြရပါတယ်။ အတန်းတွေကြီးလာတဲ့အခါ ခံယူနိုင်မှုနဲ့ပြန်လည်အသုံးချမှုတွေ မတူညီကြတာကြောင့် လက်ရေးလှတဲ့သူနဲ့ လက်ရေးမလှတဲ့သူဆိုပြီး ကွဲပြားသွားပါတယ်။ ဒါကြောင့် ပညာသင်ယူချိန်မှာ သင်ကြားမှုတွေကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် ကြိုးစားသင်ယူကြရပါမယ်။

နိုင်ငံတော်အနေနဲ့ ပညာတတ်တွေပေါ်များလာဖို့နဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် ပညာရေးကဏ္ဍကို အားပေးမြှင့်တင်ပေးနေပါတယ်။ တစ်ဖက်မှာလည်း မိဘဆရာပူးပေါင်း၊ ကလေးပညာကောင်းဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ နိုင်ငံတော်ရဲ့ ဦးဆောင်မှုနဲ့ မိဘတွေနဲ့ ဆရာတွေကလည်း မိမိတို့ သားသမီး၊ တပည့်တွေကို ပညာတတ်တွေဖြစ်အောင်၊ ထူးချွန်ထက်မြက်သူတွေဖြစ်အောင် ဆောင်ရွက်ပေးကြရပါမယ် ။

ပညာတက်ရောက်သင်ယူမှုနဲ့ ပတ်သက်ပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအရ အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုဟာ တဖြည်းဖြည်း လျော့ကျလာတယ်လို့ သိရပါတယ်။ အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုမှာ ၁၄ နှစ်နဲ့ ၁၅ နှစ်ကြား အုပ်စုမှာ ၇၆ ရာခိုင်နှုန်း၊ ၁၅နှစ် မှ၂၄ နှစ်ကြား အုပ်စုမှာ ၃၁ ဒသမ ၆ ရာခိုင်နှုန်း နဲ့ ၂၅ နှစ်အထက်အုပ်စုမှာ သုည ဒသမ ၃ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ဒါဟာ အနာဂတ်နိုင်ငံအတွက် ကောင်းမွန်တဲ့အလားအလာမဟုတ်လို့ နိုင်ငံတော်အနေနဲ့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနှုန်း တိုးမြှင့်လာဖို့နဲ့ ကျောင်းထွက်နှုန်းကျဆင်းရေး၊ ကျောင်းမနေနိုင်တဲ့အရွယ်တွေကို ကျောင်းပြင်ပပညာတွေ သင်ယူနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတွေကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားဖို့အတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော်နေပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်နိုင်ရေးနဲ့ KG + 9 ပြီးမြောက်ရေး၊ အလယ်တန်းပညာရေး ပြီးဆုံးအောင်မြင်သူတွေကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွေမှာ တက်ရောက်သင်ယူနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းအခြေခံတွေ ရရှိနိုင်ဖို့ Grade 10၊ Grade 11၊ Grade 12 အတန်းတွေမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုနည်းပညာရပ်များ သင်ကြားနိုင်ရေး၊ အဆင့်မီသူတွေကို သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တွေမှာ ဆက်လက် ပညာသင်ကြားနိုင်ရေးအစီအမံတွေကို အကောင်အထည်ဖော်လျက်ရှိတာ တွေ့ရပါတယ်။

အနာဂတ်မှာ ပညာတတ်လူငယ်တွေ များပြားလာစေဖို့ Polytechnic University တွေ ကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီနေ့ခေတ်ဟာ နည်းပညာခေတ်ဖြစ်တဲ့အတွက် နည်းပညာနဲ့ ကွန်ပျူတာတက္ကသိုလ်တွေရဲ့ အရည်အသွေးကိုလည်း မြှင့်တင်ပေးခဲ့ပါတယ်။ အထူးသဖြင့် နေပြည်တော်မှာ Naypyitaw State Academy နဲ့ Naypyitaw State Polytech–nic University တွေကို ဖွင့်လှစ်ပြီး တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

မိဘတွေအပိုင်းမှာ မိဘတွေဟာ လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနဲ့ဖ ဆိုတဲ့ စကားအတိုင်း သားသမီးတွေရဲ့ ပညာရေးကို စတင်ပျိုးထောင်ပေးသူတွေဖြစ်ပါတယ်။ ကျောင်းနေအရွယ် ရောက်တာနဲ့ သားသမီးတွေကို ပညာတတ်တွေဖြစ်အောင်၊ လိမ္မာယဉ်ကျေးအောင်၊ ဘဝအခြေခံအုတ်မြစ်ခိုင်မာအောင် ကျောင်းအပ်နှံပြီး ပညာစတင်သင်ယူစေကြပါတယ်။ တချို့မိဘတွေဆိုရင် စားဝတ်နေရေးအတွက် ရုန်းကန်ရှာဖွေရင်း သားသမီးတွေရဲ့ အနာဂတ်ဘဝမှာ ပညာတတ်တွေဖြစ်လာအောင် ကြိုးစားပြီး ကျောင်းထားပေးကြပါတယ်။

မိဘဟာ ဥယျာဉ်မှူးဖြစ်ပြီး သားသမီးတွေဟာ ဥယျာဉ်အတွင်းမှာစိုက်ပျိုးထားတဲ့ သစ်သီးဝလံပန်းမန်တွေသဖွယ် ဖြစ်ပါတယ်။ ဥယျာဉ်မှူးရဲ့ ပြုစုပျိုးထောင်မှုဟာ စိုက်ပျိုးထားတဲ့အပင်တွေ ဖြစ်ထွန်းအောင်မြင်မှုတွေက သက်သေပြပါတယ်။ မိမိသားသမီးတွေ ပညာတတ်တွေဖြစ်မှ သူတို့ဘဝ လမ်းခရီးကို ဖြောင့်တန်းနိုင်မှာဖြစ်တဲ့အတွက် ဘယ်လိုပဲအခက်အခဲတွေရှိပါစေ အခက်အခဲတွေကို ရင်ဆိုင်ပြီး အနည်းဆုံး အခြေခံပညာအဆင့်တော့ တတ်မြောက်အောင် ကြိုးစားပေးကြဖို့ တိုက်တွန်းလိုပါတယ်။

ဆရာများအပိုင်းမှာလည်း ဆရာဆိုတာ ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသူတွေ ဖြစ်ပါတယ်။ တပည့်တွေကို ကျောင်းစာတွေကိုသာ မကဘဲ စည်းကမ်းကောင်းအောင်၊ လိမ္မာယဉ်ကျေးအောင်၊

> **“ဆရာတွေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျတဲ့ပညာရေးကဏ္ဍမှာ သင်ကြားရေးတာဝန်ထမ်းဆောင်နေသူတွေ ဖြစ်ပါတယ်။ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာဆိုတဲ့ ဆရာ့ဝတ္တရားတွေနဲ့အညီ ကျင့်ကြံနေသူတွေ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာ တချို့ဆရာဆိုသူတွေဟာ ကိုယ့်ယုံကြည်ချက်၊ ပုဂ္ဂိုလ်ရေး၊ အဖွဲ့အစည်းအစွဲအလမ်းတွေနဲ့ ကိုယ်တိုင်မလုပ်သင့်တာတွေလုပ်ခဲ့ကြပြီး တပည့်တွေကိုလည်း လမ်းမှားရောက်အောင် တွန်းပို့ခဲ့ကြတာတွေကို စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါတယ်။ ဒီလုပ်ရပ်တွေကြောင့် မိမိရော၊ တပည့်တွေပါ ဆိုးကျိုးတွေခံစားကြရပါတယ်။ ဆရာဆိုတဲ့ ဂုဏ်သိက္ခာကို မိမိကိုယ်တိုင်သာ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါတယ်။ ကျဉ်းမြောင်းတဲ့ အမြင်တွေ စွန့်ပယ်ပြီး နိုင်ငံတော်ရဲ့အကျိုး၊ တပည့်တွေရဲ့ ဘဝရှေ့ရေးကို ဦးစားပေးပြီး ဆင်ခြင်လုပ်ကိုင်သင့်”**

*စာမျက်နှာ ၇ သို့*

# မိသားစုစိတ်ဓာတ်ဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များအား ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်

**နေပြည်တော် မေ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိ မြို့နယ် ခရေပင်လမ်းခွဲရှိ ဘိုးဝဇီရခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့၏မူဝါဒများ၊ မိန့်ခွန်းများ၊ လမ်းညွှန်ချက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိရှိအောင် ပြန်ကြားပေးရန်၊ အလားတူ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်တို့၏ လုပ်ဆောင်မှုများကိုလည်း ပြည်သူများ သိရှိအောင် ပြန်ကြားပေးရန်၊ အစိုးရအဖွဲ့သစ်၏ ရက်(၁၀၀)အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြည်သူများသိရှိအောင် ထုတ်ပြန်ပေးရန်။

မိမိတို့ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များအား မိသားစုစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြရန်၊ ကျောင်းသားလူငယ်များ အပါအဝင် ကျေးလက်နေလူငယ်လူရွယ်များ စာဖတ် ချင်လာအောင်၊ စာဖတ်ရှိန်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်ဖြင့် ရိုင်းပင်းကူညီ ဆောင်ရွက်သွား ရန်၊ စက်ယန္တရားများ၊ ပစ္စည်းကိရိယာများကိုလည်း မပျက်မစီးအောင် မိမိတို့အတွေ့အကြုံပေါ် မူတည်ပြီး ကြိုတင်မြော်တွေး ကာကွယ်သွားကြရန်နှင့် နွေရာသီ ရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်သတိပြု ဆောင်ရွက်သွားကြရန် မှာကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီး ဦးရဲတင့်က ပုံနှိပ် ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ် ဇင်းလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများ နှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးတို့သည် ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့ အလင်းသတင်းစာတိုက် စာတည်းခန်းများ၊ ပုံနှိပ် စက်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး နိုင်ငံတော်အဆင့်ပုံနှိပ်စာအုပ်များ၊ အစိုးရဌာနများမှအပ်နှံသော ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ စာပြင်ဌာန၊ CTP ဌာန၊ ပလိတ်ကူး ခန်း၊ ပုံနှိပ်စက်ခန်းများအတွင်း လုပ်ငန်းဆောင်ရွက် နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းအိမ်ရာများ ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအား ထပ်ဆင့် ရှင်းလင်းခြင်းနှင့် ဟိုတယ်၊ ခရီး သွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့တွင် ရုံးအမှတ် (၃၅)နှင့် ရုံးအမှတ်(၃၃)တို့၌ ကျင်းပသည်။ **(ယာပုံ)**






တွေ့ဆုံပွဲသို့ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယ ဝန်ကြီး ဦးအေးထွန်းနှင့် ဦးဖြိုး ဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာ ထမ်း၊ အမှုထမ်းများ တက်ရောက် ကြသည်။

**ဝိုင်းဝန်းမြှင့်တင်**

တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက နိုင်ငံတော်အစိုးရအနေ ဖြင့် တည်ငြိမ်အေးချမ်းရေး၊ ပညာ ရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြည်သူ လူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် ရက်ပေါင်း (၁၀၀)အတွင်း ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ရာ ဝန်ထမ်းများ အနေဖြင့် လုပ်ငန်းများ အောင်မြင် အောင် ကြိုးစားဆောင်ရွက်ကြ စေလိုကြောင်း၊ ယဉ်ကျေးမှုကို အခြေခံပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် နိုင်ရန်ရည်ရွယ်၍ ဟိုတယ်၊ ခရီး သွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနကို ပေါင်းစပ်ဖွဲ့စည်း ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံကို လုံခြုံစိတ်ချစွာ သွားလာ လည်ပတ်ချင်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် ကမ္ဘာ ကသိအောင် ဝိုင်းဝန်းမြှင့်တင် ကြရမည်ဖြစ်ကြောင်း၊ ရိုးရာ ယဉ်ကျေးမှုကိုမြှင့်တင်ကာ ခရီး သွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မတူကွဲပြား သောခရီးသွားလုပ်ငန်းများ၊ ခရီး စဉ်ဒေသအသစ်များကို တီထွင် ဆန်းသစ်မှု၊ တွေးခေါ်ကြံဆမှုများ ဖြင့် ပေါင်းစပ်၍ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ဆွဲဆောင် နိုင်ရေး ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ ယဉ်ကျေးမှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးစား ဆောင်ရွက်ကြရန် မှာကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ပညာထူးချွန်ထက်မြက်အောင်၊ အသိပညာတွေ တိုးတက်မြင့်မားလာအောင်၊ ရိုးသားကြိုးစားသူတွေ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးသူတွေ ဖြစ်ပါ တယ်။ ဝါသနာ၊ စေတနာ၊ အနစ်နာတွေနဲ့ တပည့် တွေကို ပညာသင်ပေးရင်း နိုင်ငံတော်အတွက် တန်ဖိုးရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်လာ အောင် လေ့ကျင့်ပျိုးထောင်ပေးနေသူတွေ ဖြစ်ပါ တယ်။

ဆရာတွေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံကျတဲ့ပညာရေးကဏ္ဍမှာ သင်ကြား ရေးတာဝန်ထမ်းဆောင်နေသူတွေ ဖြစ်ပါတယ်။ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန် ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ ဆိုတဲ့ ဆရာ့ဝတ္တရားတွေနဲ့အညီ ကျင့်ကြံနေသူတွေ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာ တချို့ ဆရာဆိုသူတွေဟာ ကိုယ့်ယုံကြည်ချက်၊ ပုဂ္ဂိုလ်ရေး၊ အဖွဲ့အစည်းအစွဲအလမ်းတွေနဲ့ ကိုယ်တိုင်မလုပ် သင့်တာတွေလုပ်ခဲ့ကြပြီး တပည့်တွေကိုလည်း လမ်းမှားရောက်အောင် တွန်းပို့ခဲ့ကြတာတွေကို စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါတယ်။ ဒီလုပ်ရပ် တွေကြောင့် မိမိရော၊ တပည့်တွေပါ ဆိုးကျိုးတွေ ခံစားကြရပါတယ်။ ဆရာဆိုတဲ့ ဂုဏ်သိက္ခာကို

> **“လူငယ်ဆိုတာ နိုင်ငံရဲ့အနာဂတ်ကို ပိုင်ဆိုင်ကြသူတွေဖြစ်ပါတယ်။ လူငယ်တိုင်းက နိုင်ငံကိုဦးဆောင်နိုင်သူ မဖြစ်နိုင်ပေမယ့် နိုင်ငံတော်ရဲ့အနာဂတ်ကို အကောင်အထည်ဖော်ကြမယ့် နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖြစ်ပါတယ်။ လူငယ်တွေကိုယ်တိုင်က ကိုယ်ကျင့်တရားကောင်းမွန်သူ၊ စိတ်ဓာတ်မြင့်မားသူ၊ ဗလငါးတန်နဲ့ပြည့်စုံပြီး အရည်အချင်း၊ အရည်အသွေး ပြည့်ဝတဲ့သူ၊ ထူးချွန်ထက်မြက်သူတွေဖြစ်အောင် ကြိုးစားနေထိုင်ကြရပါမယ်။ တစ်ဖက်က မိမိဆီကို အချိန်မရွေးရောက်လာနိုင်တဲ့ မှားယွင်းတဲ့ အတွေးအခေါ် အယူအဆတွေ၊ ဆိုးကျိုးဖြစ်နိုင်တဲ့အလုပ်တွေကို ကိုယ်ပိုင်အသိနဲ့ ဝေဖန်ပိုင်းခြား လုပ်ကိုင်တတ်ဖို့လို”**

မိမိကိုယ်တိုင်သာ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါ တယ်။ ကျဉ်းမြောင်းတဲ့အမြင်တွေစွန့်ပယ်ပြီး နိုင်ငံတော်ရဲ့အကျိုး၊ တပည့်တွေရဲ့ ဘဝရှေ့ရေးကို ဦးစားပေးပြီး ဆင်ခြင်လုပ်ကိုင်သင့်ပါတယ်။

လူငယ်တွေအပိုင်းမှာတော့ လူငယ်ဆိုတာ နိုင်ငံရဲ့အနာဂတ်ကို ပိုင်ဆိုင်ကြသူတွေဖြစ်ပါတယ်။ လူငယ်တိုင်းက နိုင်ငံကိုဦးဆောင်နိုင်သူ မဖြစ်နိုင် ပေမယ့် နိုင်ငံတော်ရဲ့အနာဂတ်ကို အကောင်အထည် ဖော်ကြမယ့် နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ် တွေဖြစ်ပါတယ်။ လူငယ်တွေကိုယ်တိုင်က ကိုယ်ကျင့် တရားကောင်းမွန်သူ၊ စိတ်ဓာတ်မြင့်မားသူ၊ ဗလ ငါးတန်နဲ့ပြည့်စုံပြီး အရည်အချင်း၊ အရည်အသွေး ပြည့်ဝတဲ့သူ၊ ထူးချွန်ထက်မြက်သူတွေဖြစ်အောင် ကြိုးစားနေထိုင်ကြရပါမယ်။ တစ်ဖက်က မိမိဆီကို အချိန်မရွေးရောက်လာနိုင်တဲ့ မှားယွင်းတဲ့ အတွေး အခေါ်အယူအဆတွေ၊ ဆိုးကျိုးဖြစ်နိုင်တဲ့ အလုပ် တွေကို ကိုယ်ပိုင်အသိနဲ့ ဝေဖန်ပိုင်းခြားလုပ်ကိုင် တတ်ဖို့လိုပါတယ်။

အရင်းအနှီးတွေ များများစိုက်ထုတ်နိုင်မှ အကျိုး အမြတ်များများ ခံစားရမယ်ဆိုတဲ့ သဘောအရ မိမိရဲ့ဘဝကို ပညာသင်ယူမှုတွေနဲ့ ထူးချွန်ထက်မြက် သူတွေဖြစ်အောင် အရင်းအနှီးပြုရပါမယ်။ ပညာ သင်ရမယ့်အရွယ်မှာ ထူးချွန်ထက်မြက်တဲ့ ပညာ တတ်တွေဖြစ်အောင် ကြိုးစားမှုဆိုတဲ့ အရင်းအနှီး တွေစိုက်ထုတ်ပြီး ပညာသင်ယူကြရပါမယ်။

အချုပ်အားဖြင့်ဆိုရရင် ပညာရေးကဏ္ဍဟာ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ ဆောင်ရွက် မရဘဲ ရေရှည်ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်တဲ့ အတွက် နိုင်ငံတော်၊ မိဘ၊ ဆရာတွေနဲ့ လူငယ်တွေ ပူးပေါင်းလုပ်ကိုင်ကြဖို့လိုပါတယ်။ နိုင်ငံတည်ဆောက် ကြရာမှာ ပညာတတ်တွေများများနဲ့ တည်ဆောက် မှသာ အဆင့်မြင့်တဲ့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို ပိုင်ဆိုင်ကြပါမယ်။ ဒါကြောင့် နိုင်ငံတော်၊ မိဘ၊ ဆရာများနဲ့ လူငယ်တွေ ပူးပေါင်း ပြီး နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ပညာရေး ကဏ္ဍကို အားပေးဆောင်ရွက်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

**ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့။**

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ အစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀) နှင့်စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး လမ်းညွှန်မှာကြားချက်များ၊ အစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀) နှင့်စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ရုံးအမှတ် (၁၆) စုပေါင်းအစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် သမ္မတ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားချက်များကို ဝန်ကြီးဌာနရှိ အဓိက မောင်းနှင်အားများဖြစ်ကြသော ဝန်ထမ်းများအားလုံး သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခု အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော် သမ္မတက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကောင်းမွန်ရန် လိုအပ်ပြီး ကျေးလက် နေပြည်သူများ အဓိကလုပ်ကိုင်နေကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် ရေထွက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုး၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လိုအပ်သည့် သွင်းအားစုများရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ ဆိုလာစနစ် လျှပ်စစ်ဓာတ်အားရရှိရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ အောင်မြင်ရေး၊ ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြု၍ ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရေး၊ အစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀) အတွင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ပြီး သမ/ကျေးလက်ကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် သွင်းအားစုများကို တောင်သူလက်ဝယ် အရောက် ဈေးနှုန်းသက်သာစွာ၊ လုံလောက်စွာဖြင့် အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တင်ဒါခေါ်ယူရာတွင် သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းကိုက်ညီရန်နှင့် အချိန်ကြန့်ကြာမှုမရှိစေရေးဆောင်ရွက်သွားကြရန်၊ လုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေများကို အလေအလွင့်မရှိ ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျသုံးစွဲကြရန် မှာကြားခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှု တိုးတက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဘဝမြင့်မားရေး၊ ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး၍ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အလုပ်အပေါ် ဂုဏ်ယူတတ်စေရန်နှင့် စေတနာထားကာ တာဝန်သိသိ သစ္စာရှိရှိဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နှစ်သစ်ကူးကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် မေ ၂၁**

နှစ်သစ်ကူးကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် ဒေါက်တာအောင်ဇေယျ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး စက်ရုံမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ အင်အားသစ်များနှင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဝန်ထမ်းအားလုံးကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ၂၀၁၉ ခုနှစ် နှစ်သစ်တွင် ဝန်ထမ်းအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိမိတို့၏ အရည်အချင်းများကို အစွမ်းကုန် ထုတ်ဖော်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ကြောင်း၊ ရွေးကောက်ခံအစိုးရ တစ်ရပ်အဖြစ် ကူးပြောင်းဆောင်ရွက်နေပြီဖြစ်၍ နိုင်ငံတော်၏ ယန္တရား လည်ပတ်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများသည် အဓိက မဏ္ဍိုင်ဖြစ်ကြောင်း၊ အစိုးရ၏ အဓိကရည်မှန်းချက်သည် ပြည်သူ့အကျိုးပင်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် ပြည်သူကို လေးလေးစားစားနှင့် အထိရောက်ဆုံး ဝန်ဆောင်မှုပေးကြရန် မှာကြားလိုကြောင်းပြောကြားပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ဝါးမှ ချည်ချော ထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက "ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ပြီး စာတမ်းတစ်စောင်ပြုစုတင်ပြရန်" နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျင်းပခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပညာရှင်များက ကဏ္ဍအလိုက် ဆွေးနွေးမည်ဖြစ်ပြီး အဖွဲ့အလိုက် ဆွေးနွေးခြင်းပြုလုပ်၍ ရလဒ်များကို ဖော်ထုတ်သွားမည်ဖြစ်ရာ ထိထိရောက်ရောက် ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝါးမှ ချည်ချောထုတ်လုပ်ရေးအတွက် သုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လိုအပ်သည့် စက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝါးမှ ချည်ချောထုတ်လုပ်ခြင်း လုပ်ငန်းများ အောင်မြင်စေရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးဆန်းဦးက ဝါးသည်လူသားများအတွက် အမျိုးမျိုးအသုံးပြုနိုင်သောသယံဇာတဖြစ်၍ လူသားတို့၏ လူမှုစီးပွားနှင့်နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အပင်မျိုးဖြစ်ကြောင်း၊ ဝါးချည်မျှင်ထုတ်လုပ်မည်ဆိုပါက ဝါးဖိုက်ဘာ အလျားရှည်သည့် ဝါးမျိုးစိတ်ကို ရွေးချယ်အသုံးပြုသင့်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဝါးသယံဇာတ ထုတ်ယူနိုင်မှု၊ ဝါးအခြေပြုနည်းပညာများ ပံ့ပိုးပေးမည့်အခြေအနေ၊ ဝါးသယံဇာတ ရေရှည်တည်တံ့နိုင်ရေး ဝါးထုတ်ယူမှုနည်းပညာ၊ ဝါးစိုက်ကွက်များ ထူထောင်ရေးနှင့် ထိန်းသိမ်းရေး၊ ဝါးစိုက်ခင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြန့်ဝေခြင်း၊ ဝါးနှင့်စပ်လျဉ်း၍ သုတေသနနှင့် ဖွံ့ဖြိုးလုပ်ငန်းများ ဆောင်ရွက်မှု၊ ဝါးကုန်ကြမ်း ရွေးချယ်မှု၊ ဝါးချည်မျှင် ထုတ်လုပ်နိုင်ရေး အရင်းအမြစ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





**PDF Game**

**ဆော့ကစားခြင်းကြောင့်**

**ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**ယာဉ်များ ဆေးကြောလျှင် ရေပိုက် မသုံးပါနှင့်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်





နေပြည်တော် ဧပြီ ၂၁

**နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းနှင့် ဒေါက်တာခိုင်ခိုင်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယမန်နေ့ ကကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ အနေဖြင့် ရက်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ လမ်းညွှန်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသက်(၁၀)နှစ်ပြည့် ကလေးငယ်များအား နိုင်ငံသား စိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမည့် အခြေအနေ၊ e-IDစနစ်ဖြင့် စာရင်းအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်း တိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရွှေ့ပြောင်းနေထိုင်သူများအနက် နိုင်ငံသားကတ်ပြား ပျက်စီး/ပျောက်ဆုံးသူများ၊ အသက်(၁၈) နှစ်ပြည့်ပြီးသူ နိုင်ငံသားကတ်ပြားလဲလှယ်မည့်သူများကို ဆောင်ရွက်ပေးခြင်းနှင့် ကျောင်းဖွင့်ရာသီဇွန်လမှ ဇူလိုင်လကုန်အထိ အခြေခံပညာကျောင်းများရှိ အသက်(၁၀)နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများကို နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Biometric/ Biographic ကောက်ယူကာ Uinque ID နံပါတ် တစ်ပါတည်း ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ် နှစ်ရပ်ကို ယခုရက်(၁၀၀)ကာလအတွင်း ထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်ရေး စီမံချက်များစနစ်တကျ ရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများ၏ လူမှုဘဝဆောင်ရွက်မှုတိုင်း၌ မရှိမဖြစ်လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် အချက်အလက် ကောက်ယူဆောင်ရွက်ခြင်းသည် ပြည်သူများ၏ လက်ငင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းနှင့် ပြည်သူ့အင်အား စာရင်းကောက်ယူထိန်းသိမ်းရေး လုပ်ငန်းစသည့် သမားရိုးကျလုပ်ငန်းများကိုလည်း ရက် (၁၀၀)ကာလအတွင်း နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် လက်ငင်းဦးစားပေး ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များကို လျင်မြန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် အစိုးရဖြစ်သည်နှင့်အညီ ပြည်သူကိုဗဟိုပြု၊ ပြည်သူ့အကျိုးကို ရှေးရှုကာ ဝန်ထမ်းများ၏ ဆောင်ရွက်ချက်တိုင်း၌ ဥပဒေနှင့်အညီ ယဉ်ကျေးပျူငှာစွာ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ပြည်သူကို ဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သည်နှင့်အညီ နိုင်ငံနှင့်ပြည်သူအတွက် လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် ထိရောက်သော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် အစိုးရအဖွဲ့၏ ရက်(၁၀၀)ကာလအတွင်း ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းနှင့် ဒေါက်တာခိုင်ခိုင်စိုးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားရေးရာဝန်ကြီးဌာန၌ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အား ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အားကစားရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့် အထက် အရာထမ်းများနှင့်တွေ့ဆုံခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ထပ်ဆင့် ရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ဟားခါးနှင့် စစ်တွေ) တို့မှ ကျောင်းအုပ်ကြီးများက In person စနစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာနှင့် လွိုင်ကော်)တို့မှ ကျောင်းအုပ်ကြီးများက Video Conferencing စနစ်ဖြင့် လည်းကောင်း တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏အနာဂတ်အတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကို အခြေခံအဆင့်ကစပြီး မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်ပြီး လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အသိပညာ၊ အတတ်ပညာရှင်များ များစွာ လိုအပ်ပါကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခု တည်ဆောက်ရာတွင် ပညာရည်မြင့်မားရေးနှင့်တန်းတူ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်လာစေရန် ပဓာနကျပါကြောင်း၊ အားကစားကဏ္ဍမြင့်မားလာရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေး ပညာသင်ကြားသည့် အရွယ်တွင် အခြေခံပညာ ကျောင်းများ၌ ကိုယ်လက် လှုပ်ရှားမှုများနှင့် အားကစား ဆောင်ရွက်မှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း။

အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အားကစားပြုလုပ်နိုင်ရန်အတွက် နေရာများရှိရန် လိုကြောင်း၊ အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football For School Program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပေါင်းစပ်၍ ရက်ပေါင်း(၁၀၀) အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်းပြန်လည်ဦးမော့လာစေရေးနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်အတွက် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးခြင်းဖြင့် နိုင်ငံဂုဏ်ဆောင်နိုင်သည့် အားကစားသမားများကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးအတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးညီညီက တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ထို့နောက်အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် တာဝန်ယူဆောင်ရွက်နေမှု အခြေအနေများကိုတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရက်ပေါင်း(၁၀၀) စီမံချက်အဖြစ် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်နိုင်ရန် လုပ်ငန်းအစီအမံ၊ လက်ရှိ ဆောင်ရွက်နေသည့် အစီအစဉ်၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို အသေးစိတ် စနစ်တကျရေးဆွဲပြီး ဝိုင်းဝန်းပေါင်းစပ်ဆောင်ရွက်ပေးသွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
( ခ ) လမ်းဆုံလမ်းခွ၊
( ဂ ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
( င ) တံတားအဝင်ဝနှင့် တံတားအပေါ်၊
( စ ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
( ဇ ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
( ဈ ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
( ဋ ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
( ဌ ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
( ဍ ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# သီးနှံပင်နှင့် မြေဆီလွှာအကျိုးပြု သဘာဝတီကျစ်မြေသြဇာကို ထုတ်လုပ်သုံးစွဲကြပါစို့

*ကိုကျော်စွာ (ကျိုက်ပိ)*

မြေသြဇာသည် စိုက်ပျိုးရေးအတွက် အလွန်အရေးပါသည်။ လူသားနှင့် သက်ရှိများအတွက် အာဟာရဓာတ်လိုအပ်သကဲ့သို့ပင် စိုက်ပျိုးသီးနှံပင်များအတွက်လည်း အာဟာရဓာတ်လိုအပ်သည်။ အပင်အတွက် လိုအပ်သောအာဟာရကို မြေသြဇာမှ ရရှိခြင်းဖြစ်သည်။ မြေသြဇာကို ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာဟူ၍ ခွဲခြားနိုင်ပါသည်။ ဓာတ်မြေသြဇာကို လူတိုင်းသိကြသည်။ ယနေ့ခေတ်တွင် စိုက်ပျိုးတောင်သူတိုင်း ဓာတ်မြေသြဇာကို အသုံးပြုနေကြရသည်။ သဘာဝမြေသြဇာဟူသည် တိရစ္ဆာန်အညစ်အကြေးများနှင့် ဟင်းသီးဟင်းရွက်အဆွေးများဟု အကြမ်းဖျင်းအားဖြင့် ဆိုနိုင်သည်။ တီကောင်စွန့်ပစ်မြေသြဇာ (တီကျစ်မြေသြဇာ)သည် သဘာဝမြေသြဇာအမျိုးအစား၌ ပါဝင်သည်။

တီကောင်စွန့်ပစ်မြေသြဇာသည် နည်းပညာ ခက်ခဲမှုမရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ နေရာမရွေး ပြုလုပ်နိုင်ခြင်း၊ လိုသလောက်ကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ခြင်းနှင့် မြေသြဇာအဆင့်အတန်းမြင့်မားခြင်းတို့ကြောင့် သုံးစွဲသူများ အကျိုးရှိစေသည်။ ထို့ပြင် တီကောင်စွန့်ပစ်မြေသြဇာသည် အော်ဂဲနစ်နည်းစနစ်ဖြင့် စိုက်ပျိုးမည့်တောင်သူများအတွက် အားထားစရာ မြေသြဇာတစ်မျိုးလည်းဖြစ်သည်။

**တီကျစ်မြေသြဇာသုံးစွဲခြင်းရည်ရွယ်ချက်နှင့် အရေးပါပုံ**

သဘာဝတီကျစ်မြေသြဇာထုတ်လုပ် သုံးစွဲရခြင်းမှာ ဓာတ်မြေသြဇာ နှစ်စဉ် သုံးစွဲနေရသဖြင့် ပျက်စီးလာသော မြေဆီလွှာပြဿနာကို ဖြေရှင်းရန်ဖြစ်သကဲ့သို့ ပျက်စီးလာသောမြေဆီလွှာကို ပြန်လည်ကောင်းမွန်စေရန်လည်းဖြစ်သည်။ တစ်နည်းအားဖြင့် မြေဆီလွှာကျန်းမာရေးကို စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ မှိုသတ်ဆေး၊ ပိုးသတ်ဆေး စသည့် ဓာတုဆေးများကြောင့် အဆိပ်သင့်နေရခြင်း၊ မြေဆီလွှာအတွင်းရှိ အဏုဇီဝပိုးမွှားများသေဆုံးခြင်း၊ ပွားများမှုနှေးကွေးခြင်းကို အစားထိုး၍ အော်ဂဲနစ်စိုက်ပျိုးရေးအတွက် တီကျစ်မြေသြဇာထုတ်လုပ်သုံးစွဲခြင်းသည် လိုအပ်သောကဏ္ဍတစ်ခုဖြစ်သည်။ တချို့ဒေသများ၌ သဘာဝမြေသြဇာဖြစ်သော နွားချေးကဲ့သို့ မြေသြဇာမျိုးရရှိရန်ခက်ခဲပါသည်။ ထိုကဲ့သို့ ခက်ခဲသောဒေသများတွင် တီကောင်မွေးမြူ၍ တီကျစ်မြေသြဇာထုတ်လုပ်သုံးစွဲခြင်းဖြင့် ထိုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ တီကျစ်မြေသြဇာထုတ်လုပ်သုံးစွဲပါက ဓာတ်မြေသြဇာသုံးစွဲမှု ၅၀ ရာခိုင်နှုန်းကျော် လျှော့ချပြီး မြေဆီလွှာပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

**တီကျစ်မြေသြဇာဆိုသည်မှာ**

တီကျစ်မြေသြဇာဆိုသည်မှာ လယ်ယာဥယျာဉ်ခြံသီးနှံပင်များ၏ ဘေးထွက်ပစ္စည်းဖြစ်သည့် ကောက်ရိုး၊ စပါးခွံ၊ အမှိုက်သရိုက်များ၊ သစ်ရွက်များ၊ အပင်အကြွင်းအကျန်များ၊ ဖေဒါ၊ ဂျပ်စက္ကူ၊ သတင်းစာစက္ကူ၊ ငှက်ပျောအူ၊ ငှက်ပျောရွက်ခြောက်များ၊ ဖရဲသီးခွံ၊ မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းများ၊ စားသောက်ဆိုင်မှ စွန့်ပစ်ပစ္စည်းများ၊ ထမင်းဆိုင်မှ စွန့်ပစ်သောအကြွင်းအကျန်များကို နွားချေးနှင့် ရောသမပြီး မြေဆွေးပြုလုပ်ပေးနိုင်သော တီကောင်များထည့်ပေး၍ ထိုတီများက စားသုံးပြီး ပြန်လည်စွန့်ထုတ်ပေးသော မြေဆွေးကို တီကျစ်စာမြေဆွေး သို့မဟုတ် တီကောင်စွန့်ပစ်မြေသြဇာဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

**အကျိုးပြုတီကောင်မျိုးစိတ်နှင့် သဘာဝ**

ကမ္ဘာပေါ်တွင် တီကောင်မျိုးစိတ်ပေါင်း ၃၀၀၀ ကျော်ရှိသည့်အနက် အော်ဂဲနစ်စိုက်ပျိုးရေးအတွက် အသုံးဝင်သောမျိုးစိတ် အနည်းငယ်သာရှိပါသည်။ အဆိုပါတီကောင်မျိုးစိတ်ကို အုပ်စုနှစ်စုခွဲထားပြီး ပထမအုပ်စုမှာ မြေဆီလွှာအပေါ်ယံလွှာတွင် နေထိုင်ကျက်စားသောအုပ်စုနှင့် မြေဆီလွှာအတွင်းပိုင်းတွင် နေထိုင်ကျက်စားသောအုပ်စုတို့ဖြစ်သည်။ မြေဆီလွှာအပေါ်ယံတွင် နေထိုင်သော တီကောင်များသည် လတ်ဆတ်သော ဇီဝပစ္စည်း ၉၀ ရာခိုင်နှုန်းနှင့် မြေကြီး ၁၀ ရာခိုင်နှုန်းကို စားသုံးကာ မြေဆွေးပြုလုပ်ပေးနိုင်သည့်အုပ်စုဖြစ်သည်။ ထိုတီကောင်များသည် အနီရောင်တီကောင်များဖြစ်သည်။ ထိုမျိုးစိတ်သည် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီသဖြင့် မိမိတို့နိုင်ငံတွင် ကောင်းစွာပေါက်ပွားရှင်သန်ကြသည်။



○ **တီကောင်စွန့်ပစ်မြေသြဇာသည် နည်းပညာ ခက်ခဲမှုမရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ နေရာမရွေး ပြုလုပ်နိုင်ခြင်း၊ လိုသလောက်ကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ခြင်းနှင့် မြေသြဇာအဆင့်အတန်းမြင့်မားခြင်းတို့ကြောင့် သုံးစွဲသူများ အကျိုးရှိစေသည်။ ထို့ပြင် တီကောင်စွန့်ပစ်မြေသြဇာသည် အော်ဂဲနစ်နည်းစနစ်ဖြင့် စိုက်ပျိုးမည့် တောင်သူများအတွက် အားထားစရာ မြေသြဇာတစ်မျိုးလည်းဖြစ်**

အများဆုံးမွေးမြူရာတွင်လည်း ယခုမျိုးစိတ်ဖြစ်သော အနီရောင်တီကောင်မျိုးစိတ်သာဖြစ်သည်။

ဒုတိယအမျိုးအစားမှာ မြေကြီးအတွင်းပိုင်းရှိ မြေဆွေးရောစပ်မှု အားကောင်းသောမြေအမျိုးအစားတွင် နေထိုင်ကြသည်။ ထိုတီကောင်များသည် ညဘက်၌သာ လှုပ်ရှားသွားလာလေ့ရှိကြပြီး အလင်းရောင်ကို မနှစ်သက်ကြပေ။ တီကောင်မွေးမြူမည်ဆိုပါက မိမိမွေးမြူမည့်ဒေသ၊ ရာသီဥတုနှင့် ကိုက်ညီသောအမျိုးအစားကို ရွေးချယ်မွေးမြူရန်လိုအပ်ပါသည်။ သို့မှသာ တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာများများ ရရှိနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် တီကျစ်စာမြေသြဇာအဖြစ် မွေးမြူထုတ်လုပ်သင့်သော တီလေးမျိုးရှိပြီး ယင်းတို့မှာ (၁) ဥရောပမှ ပျံ့နှံ့သည့်မျိုး (The Red Worm)၊ (၂) ဥရောပမှ ပျံ့နှံ့သည့်မျိုး (The Tiger Worm)၊ (၃) အိန္ဒိယမှ ပျံ့နှံ့သည့်မျိုး (Indian Blue Worm)၊ (၄)အာဖရိကမှ ပျံ့နှံ့သည့်မျိုး (The Nightcrawler) တို့ဖြစ်သည်။

**အပူချိန်နှင့် ရာသီဥတု**

အထက်ကဖော်ပြခဲ့သော တီကောင်အမျိုးအစားများသည် မြန်မာနိုင်ငံရာသီဥတုနှင့်ကိုက်ညီသဖြင့် မြန်မာနိုင်ငံတွင် ကောင်းစွာရှင်သန်ပေါက်ပွားနိုင်သည်။ တီကောင်မွေးမြူ၍ တီကျစ်စာမြေသြဇာ ထုတ်လုပ်မည်ဆိုပါက အပူချိန်နှင့် ရာသီဥတု ကိုက်ညီရန် လိုအပ်ပါသည်။ တီကောင်များသည် ပူလွန်း၊ အေးလွန်းသောရာသီမျိုးကို မနှစ်သက်ကြဘဲ အပူချိန်မှာ ၁၅ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်အတွင်း ရှင်သန်ကြကာ အပူချိန် ၃၀ ကျော်လွန်ပါက ပွားများနှုန်း ရပ်တန့်သွားသည်။ ထို့ထက် အပူချိန်မြင့်မားလာပါက သေဆုံးသည်အထိဖြစ်နိုင်သည်။ ထို့ကြောင့် တီကောင်မွေးမြူခြင်းသည် ရာသီဥတုနှင့် ဒေသအပူချိန်အပေါ်များစွာတည်မှီနေကြောင်း သတိပြုရန်လိုပါသည်။

**တီမွေးမြူရေးကန်ပြုလုပ်ခြင်း**

တီမွေးမြူ၍ တီကောင်စွန့်ပစ်မြေသြဇာ ထုတ်လုပ်မည်ဆိုပါက ပထမဆုံး မွေးမြူမည့်ကန် ပြုလုပ်ရပါမည်။ တီကောင်ကို အုတ်ကန်များဖြင့် မွေးမြူကြပြီး တီမွေးကန်ဆောက်လုပ်ရာတွင် အလျား ၁၀ ပေ၊ အနံ ၅ ပေ၊ အမြင့် ၃ ပေ အုတ်ကန်များပြုလုပ်ရသည်။ တချို့က ပလတ်စတစ်ပုံးများ၊ သစ်သားပုံးများဖြင့်လည်း မွေးမြူကြသည်။ အုတ်ကန်ကို မိမိမွေးမြူမည့်ပမာဏအလိုက် အနည်းအများပြုလုပ်နိုင်သည်။ အုတ်ကန်ပြုလုပ်ရာတွင် အောက်ခြေကို အရည်များ အလွယ်တကူ လျှောဆင်းနိုင်စေရန် နိမ့်လျှောပုံစံပြုလုပ်၍ အုတ်ကန်၏ အောက်ခြေတွင် အုတ်ခဲကျိုးများ ထည့်ပေးရပါမည်။ ထို့နောက် အုတ်ခဲကျိုးပေါ်တွင် နွားချေးခြောက်ကို ခြောက်လက်မထုအောင် ခင်းပေးရသည်။ ထိုနွားချေးခြောက်ပေါ်၌ သစ်ရွက်များ၊ ပေါင်းမြက်များကို ရှစ်လက်မခန့် ထပ်ဖုံးပေးရပါမည်။ ထို့နောက် တီမွေးကန်ကို အမိုးမိုးပေးရသည်။ ထိုကန်ကိုအဖုံးဖုံး၍ အဖုံးကို လေဝင်လေထွက်ကောင်းမွန်စေရန် အပေါက်ဖောက်ပေးထားရပါမည်။ တီမွေးကန်ကို နံနက်တိုင်း ရေပန်းကရားဖြင့် ရေအနည်းငယ်ဖျန်းပေးရမည်ဖြစ်ပြီး ရေခြောက်နေပါက တီကောင်များ သေဆုံးတတ်သည်။ ရေဝပ်နေလျှင်လည်း သေဆုံးတတ်သဖြင့် ရေဖျန်းရာတွင် ချင့်ချိန်ဖျန်းပေးရန် လိုပါသည်။

မွေးမြူမည့်တီမျိုးများကို မြန်မာနိုင်ငံ စိုက်ပျိုးရေးလုပ်ငန်း (ရန်ကုန်တိုင်း)၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟို (လှည်းကူး)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ပြင်ဦးလွင်) စသည်တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**တီကောင်အတွက် အာဟာရဓာတ်များ**

တီမွေးမြူရေးကန် ပြုလုပ်ပြီးပါက ကန်အတွင်းသို့ တီကောင်များ ထည့်သွင်းပေးရသည်။ ထို့နောက် တီကောင်များအတွက် လိုအပ်သော အာဟာရကို ဖြည့်တင်းရန် လိုအပ်သည်။ တီကောင်အတွက် အာဟာရဓာတ်သည် တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာအတွက် အဓိကအစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ တီကောင်ကြိုက်နှစ်သက်သော အစားအစာများကို များများကျွေးရသည်။ များများစားမှသာ တီကျစ်စာများများ ရရှိမည်ဖြစ်သည်။ တီကောင်ကြိုက်နှစ်သက်သော အစာများမှာ-

- ငှက်ပျောပင်၏ အစိတ်အပိုင်းများနှင့် ငှက်ပျောခွံများ၊
- သစ်ရွက်စိမ်းများ၊
- ကြက်ဥ၊ ဘဲဥ၊
- ဖျော်ပြီးသားကော်ဖီမှုန့်နှင့် လက်ဖက်ခြောက်ဖတ်များ၊
- အမှည့်လွန်သစ်သီးများ၊
- သစ်စေ့အခွံနှင့် လွှစာမှုန့်များ၊
- ဟင်းသီးဟင်းရွက်နှင့် ဟင်းသီးဟင်းရွက်အပုပ်များ စသည်တို့ကို ကြိုက်နှစ်သက်ကြသည်။

**တီကျစ်မြေသြဇာထုတ်လုပ်ခြင်း**

တီကောင်များသည် အစိုဓာတ်ကို ကြိုက်နှစ်သက်သော်လည်း ရေဝပ်ခြင်းကို မနှစ်သက်ပေ။ တီမွေးကန် မခြောက်သွေ့စေရန် နေ့စဉ်သင့်သလောက် ရေဖျန်းပေးရသည်။ ဤကဲ့သို့ ပြုလုပ်ပေးပါက တီကန်ထဲတွင်ရှိသော အာဟာရဓာတ်များသည် ရေအစိုဓာတ်နှင့်အတူ ပျော်ဝင်ကာ တီကန်အောက်ခြေသို့ စိမ့်ဝင်ရောက်ရှိသွားသည်။ အောက်ခြေရှိ ပိုက်မှတစ်ဆင့်စုပ်ယူပါက ရေနှင့်အတူ နိုက်ထရိုဂျင်ကြွယ်ဝစွာပါဝင်သော သဘာဝမြေသြဇာကို ရရှိမည်ဖြစ်သည်။ ထို့ပြင် တီကောင်များက လူတို့စားသုံး၍ စွန့်ပစ်လိုက်သော စားကြွင်းစားကျန်များနှင့် မြေဆီမြေနှစ်များ၊ အပင်၏အစိတ်အပိုင်းများကို စားသုံးကာ မစင်အဖြစ်ပြန်လည်စွန့်ထုတ်လေ့ရှိသည်။ ယင်းကို တီကျစ်စာဟုခေါ်သည်။ တီကျစ်စာသည် အပင်နှင့် စိုက်ပျိုးသီးနှံများအတွက် သဘာဝမြေသြဇာဖြစ်သည်။ တီကျစ်စာသည် အပင်အတွက် လိုအပ်သော နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်၊ ပိုတက်ဆီယမ်နှင့် ကယ်လ်စီယမ်တို့ ပေါင်းစပ်ပါဝင်သည့်အပြင် မြေဆီလွှာကို ထိန်းသိမ်းရာတွင်လည်း အရေးပါလှပါသည်။ တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာခဲကို *စာမျက်နှာ ၁၁ သို့*



# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

မြန်မာနိုင်ငံသို့ ဧပြီ ၂၁ ရက်မှ ၂၂ ရက်အထိ ခရီးစဉ်လာရောက်သည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**


လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

တီကောင်စတင်မွေးမြူပြီး သုံးလခန့်အကြာတွင် အညိုရောင်တီကျစ်စာ မြေဆွေး သို့မဟုတ် တီကောင်စွန့်ပစ်မြေသြဇာရည် စတင်ရရှိမည်ဖြစ်ပါသည်။ တီမွေးမြူရေးကန်တစ်ကန်ကို တီကျစ်စာရည် သို့မဟုတ် တီကောင်စွန့်ပစ်မြေသြဇာရည် ၁၂ ဂါလန် အထိရနိုင်ကြောင်း သိရသည်။

**တီကျစ်မြေသြဇာရှိ အာဟာရဓာတ်များ**

တီကျစ်စာမြေဆွေး သို့မဟုတ် တီကောင်စွန့်ပစ်မြေသြဇာတွင် သီးနှံပင်အတွက် အာဟာရဓာတ်များပါဝင်သည်။ တီကောင်စွန့်ပစ်မြေသြဇာသည် အပင်များကို သန်စွမ်းစေပြီး အသီးအထွက်နှုန်းကောင်းကာ အသီးအရောင်အသွေးကိုလည်း လှစေသည်။ သီးနှံများကို အရသာကောင်းမွန်စေသည်။ တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာမြေဆွေးရည်ကို မြေဆွေးရည် တစ်ဆ၊ ရေ ၁၀ ဆနှင့်ရော၍ ရွက်ဖျန်းမြေသြဇာအဖြစ် အသုံးပြုနိုင်ပါသည်။

တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်စာမြေဆွေးကို သီးနှံအလိုက် ကျွေးနှုန်းများရှိပါသည်။ လယ်ယာသီးနှံအတွက် တစ်ဟက်တာလျှင် ခြောက်တန်၊ ဟင်းသီးဟင်းရွက်အတွက် တစ်ဟက်တာလျှင် ၁၂ တန်၊ သစ်သီးဝလံအတွက် တစ်ဟက်တာလျှင် ၁၀ တန် ကျွေးပေးနိုင်သည်။ တီကောင်စွန့်ပစ်မြေသြဇာတွင် ပါဝင်နေသော အာဟာရဓာတ်များမှာ နိုက်ထရိုဂျင် ၄ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဖော့စ်ဖရပ် ၄ ဒသမ ၅၅ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၁ ဒသမ ၈၂ ရာခိုင်နှုန်း၊ ကယ်လ်စီယမ် ၀ ဒသမ ၈၉ ရာခိုင်နှုန်း၊ မဂ္ဂနီစီယမ် ၀ ဒသမ ၂၁ ရာခိုင်နှုန်း အသီးသီးပါဝင်သည်။

**သီးနှံပင်နှင့် မြေဆီလွှာအတွက် အကျိုးကျေးဇူးများ**

စိုက်ပျိုးရေးအတွက် တီကောင်စွန့်ပစ်မြေသြဇာပြုလုပ်သုံးစွဲခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိစေပါသည်။

(၁) အပင်အတွက် လိုအပ်သောအာဟာရဓာတ်များကိုရရှိစေခြင်း၊
(၂) အပင်ရှင်သန်ကြီးထွားစေခြင်း၊
(၃) အပင်မျိုးအောင်စေရေးအတွက် အထောက်အကူဖြစ်စေခြင်း၊
(၄) အပင်၏အမြစ်များကို ခိုင်မာစေခြင်း၊
(၅) အပင်အကျိုးပြု အဏုဇီဝပိုးများ ပွားများစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။

ထို့ပြင် တီကောင်စွန့်ပစ်မြေသြဇာကို အသုံးပြုခြင်းဖြင့် မြေဆီလွှာအတွက် အကျိုးကျေးဇူးများမှာ–

(၁) မြေသြဇာကောင်းစေခြင်း၊
(၂) မြေကြီးအစိုဓာတ်ထိန်းပေးခြင်း၊
(၃) မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးခြင်း၊
(၄) မြေကြီးအတွင်း အောက်ဆီဂျင်ပိုမိုရောက်ရှိခြင်း၊
(၅) မြေချဉ်ငန်ကိန်း ညီညွတ်မျှတခြင်း၊
(၆) မြေဆီလွှာအတွင်း အဏုဇီဝပိုးကို ၁၀ ဆမှ အဆ ၂၀ အထိ တိုးပွားလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။

**အခြားအကျိုးကျေးဇူးများ**

တီကောင်စွန့်ပစ်မြေသြဇာကို အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် အခြားအကျိုးကျေးဇူးများမှာ –

(၁) လွယ်ကူစွာ ထုတ်လုပ်နိုင်ခြင်း၊
(၂) စွန့်ပစ်ပစ္စည်းများဖြင့် ထုတ်လုပ်ရသဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊
(၃) နေရာမရွေးပြုလုပ်နိုင်ခြင်း၊
(၄) သဘာဝအော်ဂဲနစ်မြေသြဇာဖြင့် စိုက်ပျိုးထားသော သီးနှံများဖြစ်သည့်အတွက် စားသုံးသူများ၏ ကျန်းမာရေးဆိုင်ရာပြဿနာများကို ဖြေရှင်းပြီးသားဖြစ်ခြင်း၊
(၅) နွားချေးရှားပါးသောဒေသ၊ အထူးသဖြင့် တောင်ပေါ်ဒေသများတွင် နွားချေးအစားထိုးအသုံးပြုခြင်းဖြင့် နွားချေးထက် အာဟာရဓာတ် နှစ်ဆပါဝင်ရရှိခြင်း၊
(၆) မြေဆွေးထုတ်လုပ်ခြင်းဖြင့် မိမိခြံအတွက်သာမက အမြောက်အမြားစီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေခြင်း စသည်တို့ဖြစ်သည်။

**ကမ္ဘာ့အနှံ့သုံးစွဲမှုအခြေအနေ**

တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်မြေသြဇာကို စိုက်ပျိုးရေးလောက၌ ၁၉၇၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံက စတင်သုံးစွဲခဲ့ကြောင်း သိရသည်။ ၁၉၉၀ ပြည့်နှစ်တွင် စီးပွားဖြစ် စတင်ထုတ်လုပ်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှစ၍ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာခဲ့ကြသည်။ အိန္ဒိယနိုင်ငံတွင် ၁၉၉၅ ခုနှစ်က စီးပွားဖြစ် ထုတ်လုပ်သုံးစွဲခဲ့သည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ ကျူးဘားနှင့် ဖိလစ်ပိုင်နိုင်ငံတို့၌လည်း ထုတ်လုပ်သုံးစွဲလျက်ရှိသည်။ မြန်မာနိုင်ငံတွင်မူ ၂၀၀၀ ပြည့်နှစ်က စတင်ထုတ်လုပ်သုံးစွဲခဲ့သဖြင့် ဆယ်စုနှစ် နှစ်စု ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၌မူ တီကောင်စွန့်ပစ်မြေသြဇာကို အများအပြား ထုတ်လုပ်ရောင်းချရာမှ ဝင်ငွေကောင်းသဖြင့် အညိုရောင်ရွှေ (Black Gold) ဟု တင်စားခေါ်ဝေါ်ကြသည်။ အိန္ဒိယနိုင်ငံ၌ စီးပွားဖြစ်ထုတ်လုပ်ခဲ့ရာ တန်ချိန် ၃ ဒသမ ၅ သန်း ထုတ်လုပ်နိုင်ခဲ့သည်ဟု သိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးနိုင်ငံတွင် အိန္ဒိယနိုင်ငံကဲ့သို့ပင် ထုတ်လုပ်သင့်ပါသည်။

တီကောင်စွန့်ပစ်မြေသြဇာသည် အကျိုးကျေးဇူးများသဖြင့် ယခင်ကတည်းက ကမ္ဘာ့နိုင်ငံအသီးသီးတွင် တွင်ကျယ်စွာအသုံးပြုနေကြပြီဖြစ်ရာ မိမိတို့နိုင်ငံတွင်လည်း မြေဆီလွှာနှင့် အပင်အတွက် အကျိုးကျေးဇူးများလှသော တီကောင်စွန့်ပစ်မြေသြဇာ သို့မဟုတ် တီကျစ်မြေသြဇာကို စီးပွားဖြစ်ထုတ်လုပ်သင့်သကဲ့သို့ စိုက်ပျိုးရေးလုပ်ကိုင်သောတောင်သူများအနေဖြင့်လည်း တစ်ပိုင်တစ်နိုင် မွေးမြူသုံးစွဲခြင်းဖြင့် မြေဆီလွှာကို အကျိုးပြုမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**ကိုးကား –**

- **အစွမ်းထက်အော်ဂဲနစ်ဇီဝမြေသြဇာများ နေရောင်(စိုက်ပျိုးရေးတက္ကသိုလ်)။**
- **အော်ဂဲနစ်စိုက်ပျိုးရေး၊အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး**
- **ဒေါက်တာခင်မောင်လွင်။**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

( ၁ ) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များမှသာ လွှတ်ကျောင်းခြင်းပြုရန်၊ လုပ်ငန်းခွင်တွင် အသုံးပြုရန်နှင့်သယ်ယူပို့ဆောင်ရန်၊
( ၂ ) မွေးမြူထားသော တိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရှိရန်၊
( ၃ ) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊
( ၄ ) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊
( ၅ ) မွေးမြူရေးခြံများတွင် လေဝင်လေထွက် ကောင်းမွန်စွာထားရှိရန်နှင့် နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုမရှိစေရန်အတွက် စီမံထားရှိရန်၊
( ၆ ) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စိုမြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊
( ၇ ) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊
( ၈ ) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊
( ၉ ) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။(**ယာပုံ**)

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စီမံကိန်းများ၊ ဒေသန္တရစီမံကိန်းများသည် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းတွင်ပါဝင်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များကို တိုင်းဒေသကြီးဝန်ကြီးများနှင့် ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကဏ္ဍအလိုက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၅-၂၀၂၆ခုနှစ် နွေစပါးစိုက်ကွက်ရိတ်သိမ်းခြင်း၊ မိုးစပါးအတွက် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် နှစ်ချပ်တွဲဆိုလာပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၁**

၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစိုက်ကွက်ရိတ်သိမ်းခြင်း၊ မိုးစပါးအတွက် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာ (Drum Seeder) နှင့် နှစ်ချပ်တွဲဆိုလာပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာ တောင်သူဦးအောင်လွင်၏ လယ်မြေ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လှည်းကူးခရိုင်အတွင်းရှိတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး လှည်းကူးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးတို့က လှည်းကူးခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ စပါးစိုက်ပျိုးမှု၊ တိုင်းဒေသကြီးအတွင်း တိုက်ရိုက်မျိုးစေ့ချကိရိယာများ ဖြန့်ဝေအသုံးပြုမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လှည်းကူးခရိုင်အတွင်းရှိတောင်သူများကို မိုးစပါးအတွက် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် နှစ်ချပ်တွဲဆိုလာများ ပေးအပ်ပြီး ခင်းကျင်းပြသထားသည့် Drum Seeder များ၊ စပါးမျိုးစေ့နမူနာများ(**ဝဲပုံ**)၊ ဓာတ်မြေဩဇာများ၊ အနိမ့်တင်ဆိုလာရေတင်စက်များနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နွေစပါးစိုက်ကွက်ကို ရိတ်သိမ်းချွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး ဘဲကောင်ရေ ၅၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# သပိတ်ကျင်းမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်

**သပိတ်ကျင်း မေ ၂၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ နယ်မြေဒေသအခြေအနေကြောင့် ယာယီပိတ်သိမ်းခဲ့သည့် မြန်မာ့စီးပွားရေးဘဏ်ခွဲကို ယခုအခါ ဒေသအတွင်း တည်ငြိမ်လာပြီဖြစ်သဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ရန် ယနေ့နံနက် ၉ နာရီကစတင်၍ ပြန်လည်ဖွင့်လှစ်ပြီဖြစ်သည်။

ထိုသို့ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် သပိတ်ကျင်းမြို့နယ်၌ တာဝန်ထမ်းဆောင်ကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၏ လစာငွေများထုတ်ပေးခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများ ထုတ်ပေးခြင်း၊ စုဆောင်းငွေများလက်ခံခြင်း၊ ဒေသအသီးသီးသို့ ငွေလွှဲပို့ပေးခြင်းနှင့် အခြားသောဘဏ် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သပိတ်ကျင်းမြို့ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးရဲနိုင်ထံမှ သိရသည်။

အဆိုပါဘဏ်ဖွင့်ပွဲတွင် သပိတ်ကျင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်အေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်ဝင်းနှင့် သပိတ်ကျင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများပက်ဖျန်းပေးပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများတက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ် အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# နည်းပညာတက္ကသိုလ်(မော်လမြိုင်)၌ Polytechnic University ဖွင့်လှစ်နိုင်ရေး မွန်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် ဧပြီ ၂၁**
မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(မော်လမြိုင်) ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အရည်အသွေးမီ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများနှင့် သုတေသီများ လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် Polytechnic University များ တည်ထောင်ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက Polytechnic University(မော်လမြိုင်) တည်ဆောက်မည့်နေရာနှင့် ဘောလုံးကွင်းဆောက်လုပ်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု**

ယင်းနောက် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်၌ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ မော်လမြိုင်ပညာရေးဒီဂရီကောလိပ်ကို ဆရာအတတ်ပညာတက္ကသိုလ်အဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေး၊ ဆရာအရည်အသွေးမြှင့်တင်ရေး၊ တက္ကသိုလ်အင်္ဂါရပ်များပြည့်စုံရေးမှာကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်းပါအချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်

**စစ်တွေ ဧပြီ ၂၁**
စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ဆောင်ရွက်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပင်စင်လစာထုတ်ယူရန် လာရောက်ကြသည့် အငြိမ်းစားဝန်ထမ်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများဆောင်ရွက်နေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်နေမှုနှင့် စစ်တွေမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ အငြိမ်းစားဝန်ထမ်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ နိုင်ငံတော်သမ္မတ၏မိန့်ခွန်းနှင့် လမ်းညွှန်အမှာစကားများအပေါ် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့်အခြေအနေနှင့် တိုးမြှင့်လုပ်ဆောင်သွားမည့် အခြေအနေများကို ရှင်းလင်းခြင်းအခမ်းအနားသို့ တက်ရောက်ကာ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်တွင် ရက် (၁၀၀)အတွင်း လုပ်ဆောင်ရမည့်လုပ်ငန်းများကို ထပ်ဆင့်ရှင်းလင်းသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ စန်းရွှေ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ စစ်တွေမြို့ သာသနာ့ဗိမာန်၌ ပြည်နယ်အစိုးရအဖွဲ့က ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထား၍ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရက်(၁၀၀)စီမံချက် ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ

**တောင်ကြီး ဧပြီ ၂၁**
ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရက်(၁၀၀)စီမံချက်ဆောင်ရွက်မည့်လုပ်ငန်းများရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယမန်နေ့က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲတင်ပြ**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရက်(၁၀၀)တွင်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို စနစ်တကျရေးဆွဲတင်ပြပေးရန် လိုအပ်ပါကြောင်း၊ ပြည်နယ်ဝန်ကြီးများကလည်း မိမိလက်အောက်ရှိ ဌာနများမှဆောင်ရွက်မည့် လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရက်(၁၀၀)အတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ပြီးစီးနိုင်မည့်လုပ်ငန်းများကို စိစစ်ရွေးချယ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးရမည့်ကိစ္စရပ်များရှိပါက ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ရက် (၁၀၀) အတွင်း ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အထွေထွေဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။



**မောင်မောင်သန်း(တောင်ကြီး)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၇၄) ကြိမ်မြောက် မယ်ကမ္ဘာပြိုင်ပွဲကို တန်ဇန်းနီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

**ဒါအက်စ်ဆလမ် မေ ၂၁**

တန်ဇန်းနီးယားနိုင်ငံသည် ၂၀၂၇ ခုနှစ် မေလတွင် ကျင်းပမည့် (၇၄) ကြိမ်မြောက် မယ်ကမ္ဘာပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိကြောင်း တာဝန်ရှိသူများက မေ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

**နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ရန်ရည်ရွယ်**

အဆိုပါ ပြိုင်ပွဲသည် ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်နှင့် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ရန် ရည်ရွယ်ထားသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း သိရသည်။ ယင်းသဘောတူညီချက်ကို ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ အနုပညာနှင့် အားကစားဝန်ကြီး ပေါလ်မာခွန်ဒါ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်းလည်း သိရသည်။

**ဒုတိယမြောက် ကျင်းပခွင့်ရသည့် အာဖရိကနိုင်ငံ**

တန်ဇန်းနီးယားနိုင်ငံသည် တောင်အာဖရိကနိုင်ငံပြီးနောက် မယ်ကမ္ဘာပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့် ဒုတိယမြောက် အာဖရိကနိုင်ငံဖြစ်လာမည်ဖြစ်ပြီး အရှေ့အာဖရိကနှင့် ဗဟိုအာဖရိကဒေသတွင် ပထမဆုံး အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိသည့် နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း မာခွန်ဒါက ပြောကြားခဲ့သည်။

**ရုပ်သံကြည့်ရှုသူဦးရေ ၂ ဘီလီယံကျော်အထိ ရောက်ရှိပျံ့နှံ့နိုင်**

မယ်ကမ္ဘာပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၃၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဟု ခန့်မှန်းထားပြီး တစ်လကြာ ကျင်းပမည့် ယင်းပြိုင်ပွဲသို့ နိုင်ငံတကာဧည့်သည် ၂၀၀၀၀ ကျော် တက်ရောက်မည်ဟု မျှော်မှန်းထားသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်း ရုပ်သံကြည့်ရှုသူဦးရေ ၂ ဘီလီယံကျော်အထိ ရောက်ရှိပျံ့နှံ့နိုင်မည်ဟုလည်း ခန့်မှန်းထားကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

ယင်းပြိုင်ပွဲသည် အလှမယ်ပြိုင်ပွဲတစ်ခုသာမက တန်ဇန်းနီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ အပါအဝင် ဖန်တီးမှုဆိုင်ရာ စီးပွားရေးကဏ္ဍများကို ကမ္ဘာသို့ ပြသနိုင်မည့် မဟာဗျူဟာမြောက် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း မာခွန်ဒါက ထပ်မံပြောကြားခဲ့သည်။ **ဆင်ဟွာ**



(၇၂) ကြိမ်မြောက် မယ်ကမ္ဘာပြိုင်ပွဲတွင် ထိုင်းနိုင်ငံကိုယ်စားပြုအလှမယ် အိုပေါလ်စူချာတာချွန်ဆရီကို သရဖူချီးမြှင့်ပြီးနောက် တွေ့ရစဉ်။

# Apple ၏ စီအီးအိုနေရာအတွက် တင်မ်ကွတ်ခ် အစား ဂျွန်တာနပ်စ် ကို အဆိုပြု

**ဝါရှင်တန် မေ ၂၁**

Apple သည် လက်ရှိ စီအီးအို တင်မ်ကွတ်ခ်၏ နေရာတွင် အစားထိုးရန်အတွက် ကုမ္ပဏီ၏ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဂျွန်တာနပ်စ် ကို စီအီးအိုအသစ်အဖြစ် အဆိုပြုထားသည်။ အမေရိကန် နည်းပညာကုမ္ပဏီကြီးအတွက် ၁၅ နှစ်အတွင်း ပထမဆုံး ခေါင်းဆောင်မှုအပြောင်းအလဲကို စက်တင်ဘာ ၁ ရက်မှ စတင်မည်ဟု သိရသည်။

ဂျွန်တာနပ်စ်သည် Apple သို့ ၂၀၀၁ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ဟာ့ဒ်ဝဲလ် အင်ဂျင်နီယာတစ်ဦးအဖြစ် ဘဝအချိန်များစွာကို ပေးဆပ်ကုန်ဆုံးခဲ့သူ ဖြစ်သည်။ ၎င်းသည် iPhone များ၊ Mac ကွန်ပျူတာများနှင့် iPad များ အပါအဝင် Apple ထုတ်ကုန်များစွာကို ကြီးကြပ်ကွပ်ကဲခဲ့သူလည်း ဖြစ်သည်။

ကွတ်ခ်မှာ အမှုဆောင်ဥက္ကဋ္ဌအဖြစ် ပြောင်းလဲတာဝန်ယူမည်ဖြစ်ကြောင်း Apple က အတည်ပြုထုတ်ပြန်ခဲ့သည်။ ၎င်းသည် ၁၉၉၈ ခုနှစ်တွင် ကုမ္ပဏီသို့ ဝင်ရောက်ခဲ့ပြီး ပူးတွဲတည်ထောင်သူ စတိဗ်ဂျော့ဘ်စ် နာမကျန်းဖြစ်၍ စီအီးအိုရာထူးမှ အနားယူခဲ့သည့် ၂၀၁၁ ခုနှစ်မှစကာ ကုမ္ပဏီ၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ခဲ့သည်။



ကွတ်ခ်သည် ကုမ္ပဏီအား ဈေးကွက်အသစ်များ ချဲ့ထွင်ခြင်းနှင့် နိုင်ငံတကာ ထောက်ပံ့ရေးကွင်းဆက်များ တည်ဆောက်ခြင်းတို့မှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အရေးပါသူ တစ်ဦးလည်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံ၏ လေကြောင်းခရီးသည် အရေအတွက် ၂၄ ဒသမ ၁ သန်းအထိ မြင့်တက်

**ဟနွိုင်း မေ ၂၁**

ဗီယက်နမ်နိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍမှ ယခုနှစ် ပထမသုံးလအတွင်း ခရီးသည်ပေါင်း ၂၄ ဒသမ ၁ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဗီယက်နမ်သတင်းဌာနက မေ ၂၁ ရက်တွင် အစီရင်ခံ ဖော်ပြခဲ့သည်။

ပြည်တွင်းခရီးသွား အရေအတွက်မှာ ၁၀ ဒသမ ၂ သန်းအထိ ရှိပြီး ၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတကာ ခရီးသွား အရေအတွက်မှာ ၁၃ ဒသမ ၉ သန်းရှိပြီး ၁၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗီယက်နမ် အရပ်ဘက် လေကြောင်း အာဏာပိုင်အဖွဲ့၏ပြောကြားချက်ကို အဆိုပါ အစီရင်ခံ၌ ကိုးကား ဖော်ပြထားသည်။ **ဆင်ဟွာ**



# အိန္ဒိယနှင့် တောင်ကိုရီးယားတို့အကြား နယ်ပယ်အသီးသီးတွင် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

**နယူးဒေလီ မေ ၂၁**

အိန္ဒိယနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား နယ်ပယ်အသီးသီးတွင် နားလည်မှုစာချွန်လွှာ (MoU) များစွာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

မေ ၂၁ ရက်တွင် ပြီးဆုံးခဲ့သော နိုင်ငံတော်ခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာ သွားရောက်ခဲ့သည့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီတို့၏ ရှေ့မှောက်တွင် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာများတွင် ရာသီဥတုနှင့် ပတ်ဝန်းကျင်၊ သိပ္ပံနှင့် နည်းပညာ၊ ဆိပ်ကမ်းများ၊ စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ သံမဏိထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ နည်းပညာနှင့် ကုန်သွယ်ရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုနှင့် ဖန်တီးမှုဆိုင်ရာ စက်မှုလုပ်ငန်းများ၊ အားကစားကဏ္ဍများအပါအဝင် နယ်ပယ်အသီးသီးတို့ ပါဝင်သည်။ **ဆင်ဟွာ**

# ခြောက်သွေ့ရာသီမတိုင်မီ ဆည်မြောင်းစနစ်မြှင့်တင်ရန် အင်ဒိုနီးရှား ရူပီယာ ၃ ထရီလီယံကျော် လျာထား

**ဂျကာတာ မေ ၂၁**

အင်ဒိုနီးရှားနိုင်ငံသည် ခြောက်သွေ့ရာသီမတိုင်မီ ဆည်မြောင်းစနစ်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် အင်ဒိုနီးရှား ရူပီယာ ၃ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၇၅ သန်းခန့်) လျာထားကြောင်း နိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီး အန်ဒီအမ်ရန်ဆူလိုင်မန်းက မေ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

လျာထားအစီအစဉ်သည် လယ်မြေ ဟက်တာ ၁ ဒသမ ၅ သန်းကို လွှမ်းခြုံနိုင်ရန် ရည်မှန်းထားပြီး အခြေခံအဆောက်အအုံများကို ပိုမိုအားကောင်းစေရေး၊ မြေယာအသုံးပြုမှုကို ပိုမိုထိရောက်စေရေးနှင့် ရေစုပ်စက်များ ဖြန့်ကြက်တပ်ဆင်ရေးလုပ်ငန်းများကို အလေးပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမ်ရန်က ထပ်မံပြောကြားသည်။

အယ်နီညိုဖြစ်ပေါ်နိုင်သည့် ရာသီဥတုအခြေအနေဆိုင်ရာ ကြိုတင်ခန့်မှန်းချက်များ ရှိနေသော်လည်း အယ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုကာလ ခြောက်လတာကို ကျော်လွန်၍ အမျိုးသားစားရေရိက္ခာသိုလှောင်မှုမှာ ၁၁ လစာအထိ လုံလောက်နေသေးကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ဝန်ကြီးက အဆိုပါအစီအစဉ်၏အောင်မြင်မှုမှာ စားရေရိက္ခာဖူလုံရေးကို ကာကွယ်ရန်နှင့် လယ်သမားများ၏ အသက်မွေးဝမ်းကျောင်းကို ကာကွယ်ပေးနိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ဗဟိုအစိုးရနှင့် ဒေသအစိုးရများအကြား ပူးပေါင်းညှိနှိုင်းမှုအပေါ်တွင်လည်း စီမံကိန်းအောင်မြင်မှုများက မူတည်ကြောင်း အလေးထား ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



**နေပြည်တော် မေ ၂၁**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှုဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။(**ယာပုံ**)

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယတိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားကာ အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့် အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

❑ *ကျောဖုံးမှ*

ထိုသို့ တပ်ရင်း/တပ်ဖွဲ့များ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူစစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများကို သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ အခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းပေးအပ်ခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်လာခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများတွင်လည်း ၎င်းတို့၏ အောင်မြင်စွာနှင့် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာဂုဏ်ယူမဆုံးဖြင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုပန်းခြင်းများ၊ အောင်သပြေပန်းခက်များ၊ အိုးစည်ဒိုးပတ်များဖြင့် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ဂုဏ်ပြုကြိုဆိုခဲ့ကြသည်ကို တွေ့မြင်ခဲ့ရသည်။ တာဝန်ပြီးမြောက်၍ မိသားစုများထံသို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုများအနေဖြင့် တပ်မတော်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်မှု၊ နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံဆည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစုနှင့် ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာ ကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရမှုတို့ကို ၎င်းတို့၏ အိမ်ပြန်ခရီးကြိုဆိုမှု မြင်ကွင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် တွေ့မြင်ရသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများ ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့်အပြင် စစ်မှုထမ်းကာလပြီးမြောက်ပါက အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒပြုသည့် အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

❖ *ကျောဖုံးမှ*

၃၃ ပွဲကစားပြီး ရမှတ် ၁၇ မှတ်သာ စုဆောင်းထားနိုင်သည့်အသင်း ဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုပွဲစဉ် ဂိုးမရှိ သရေကျခဲ့သောကြောင့် ယခုနှစ်ရာသီတွင် ဂိုးမပေးရအောင် စွမ်းဆောင်နိုင်သည့်ပွဲ ၁၂ ပွဲအထိ ရှိလာပြီ ဖြစ်သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းသည် ပရီမီယာလိဂ် ပွဲစဉ် (၃၃) အပြီးတွင် ရမှတ် ၄၃ မှတ်ဖြင့် အဆင့် (၁၃) တွင် ရပ်တည်နေသည်။

လာမည့်ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်က အသင်းကြီး လီဗာပူးနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# လမ်းဘေးဝဲ/ယာ၌ ဒေသနှင့်ကိုက်ညီသည့် အရိပ်ရသစ်ပင်များ စိုက်ပျိုးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**ဟားခါး မေ ၂၁**

လမ်းဘေးဝဲ/ယာတွင် ဒေသနှင့်ကိုက်ညီသည့်အရိပ်ရသစ်ပင်များ စိုက်ပျိုးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် တက်ရောက်လာသည့် သစ်တောဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက လမ်းဘေးဝဲ/ယာတွင် ဒေသနှင့် ကိုက်ညီသည့် အရိပ်ရသစ်ပင်များ စိုက်ပျိုးနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်

(မြန်/ဆက်)

# အမှတ်(၅) အဆန်/ အမှတ်(၆)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်၌ လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား တိုက်ရိုက်စတင်ပြေးဆွဲမည်



**နေပြည်တော် မေ ၂၁**

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန်ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၄ ခုနှစ် မေ ၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၅)အဆန် | ရန်ကုန် | မန္တလေး | ၀၆:၀၀ | ၁၆:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၆)အစုန် | မန္တလေး | ရန်ကုန် | ၀၆:၀၀ | ၁၆:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တစ်လျှောက် ရပ်တန့်ဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာတို့ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ အထက်တန်းငွေကျပ် ၄၈၀၀၀ နှင့် ပထမတန်းငွေကျပ် ၃၄၀၀၀ တို့ဖြစ်သည်။

ရန်ကုန် - နေပြည်တော် - ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ် (၃၁) အဆန်/ အမှတ် (၃၂) အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |
| ၂ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |

ရန်ကုန် - နေပြည်တော် - ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |
| ၂ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် DEMU လူစီးအမြန်ရထားများနှင့် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင် ပြေးဆွဲနေသော အမှတ်(၃၁) အဆန်/အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP) System ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၂၁**

ယနေ့ နံနက် ၆နာရီ၊ ၅၉ မိနစ်၊ ၃၀ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ မြောက်ဘက် ၃၆ မိုင်ခန့် ကွာဝေးသော (Myanmar-India Border Region)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၅ ဒသမ ၁ (M) အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၁-၄-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက်မြို့ | ၄၄.၂ | ၁၁၁.၆ |
| ၂။ | မြင်းခြံမြို့ | ၄၄.၀ | ၁၁၁.၂ |
| ၃။ | မြင်းမူမြို့ | ၄၄.၀ | ၁၁၁.၂ |
| ၄။ | မင်းကင်းမြို့ | ၄၃.၇ | ၁၁၀.၇ |
| ၅။ | မင်းဘူးမြို့ | ၄၃.၅ | ၁၁၀.၃ |
| ၆။ | မုံရွာမြို့ | ၄၃.၂ | ၁၀၉.၈ |
| ၇။ | မကွေးမြို့ | ၄၃.၁ | ၁၀၉.၆ |
| ၈။ | ညောင်ဦးမြို့ | ၄၃.၀ | ၁၀၉.၄ |
| ၉။ | တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၂.၇ | ၁၀၈.၉ |
| ၁၀။ | မန္တလေးမြို့ | ၄၂.၆ | ၁၀၈.၇ |

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၂၁**

ယနေ့ ညနေ ၃ နာရီ၊ ၁၂ မိနစ်၊ ၅၅ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် ၂၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၂၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ငါးဦးအား အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ရုရှားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

ဆက်လက်ပြီး တရုတ်နိုင်ငံသားနှစ်ဦးအား ပြည်ဝင်ခွင့် ဗီဇာစည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များအက်ဥပဒေ ပုဒ်မ ၃(၁)/၁၃(၁) အရ ၁၂-၄-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ တရုတ်နိုင်ငံသားနှစ်ဦးအား မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် ၁၅-၄-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ တရုတ် (တိုင်ပေ)မှ တစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်ပတ်သက်၍ ၁၅-၄-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ဥပဒေ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တရားဆွဲဆို အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသား အားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၂၁ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၆ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၆ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၅ ဒသမ ၀၄၃၀ တန်၊ သစ်မာ ၆၁ ဒသမ ၃၄၄၀ တန်၊ အခြား ၁၉၀ ဒသမ ၄၆၇၇ တန် စုစုပေါင်း ၂၆၆ ဒသမ ၈၅၄၇ တန်၊ ယာဉ်/ယန္တရား ငါးစီး၊ တရားခံ ၁၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



**သတင်းစဉ်**

## လပွတ္တာမြို့နယ်ရှိ အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**လပွတ္တာ ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ယနေ့နံနက် ၇ နာရီခွဲက အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ယင်းသို့ ရောင်းချပေးခြင်းကို လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး၏ ညွှန်ကြားမှုဖြင့် လပွတ္တာမြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၊ မြို့နယ်ဆီလုပ်ငန်းရှင်များအသင်း၊ ဆန်လုပ်ငန်းရှင်များအသင်းနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့ ညှိနှိုင်းပေါင်းစပ်၍ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ကြက်ဥတို့ကို ပင်စင်စား ဝန်ထမ်း ၄၀၀ အား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုများကို လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ လပွတ္တာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်လင်း၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမင်းနှင့် ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ပင်စင်စားဝန်ထမ်းများအား ကိတ်မုန့်နှင့်ရေသန့်များ ပေးလှူခဲ့ကြသည်။



**ခရိုင်(ပြန်/ဆက်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

**(လယ်ယာမြေဥပဒေ ပုဒ်မ ၉)**
**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မော်လမြိုင်ကျွန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**မော်လမြိုင်ကျွန်း မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အမှတ် (၆) ရပ်ကွက် ကြခင်းလမ်းရှိ နေအိမ်များတွင် ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်တို့က သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာစန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်သူ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက လမ်းအတွင်းရှိ ရေတွင်း၊ ရေကန်များ၊ သိုလှောင်ကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသုံးမပြုသော ရေအိုးရေခွက်များ၊ တာယာကွင်းများထဲတွင် ရေဝင်ရောက်ပြီး ခြင်ပေါက်ပွားနိုင်သည့်အတွက် စနစ်တကျထားရှိစေရန်နှင့် ခြင်မှတစ်ဆင့် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ဆေးခတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ဒီမိုကရေစီအစိုးရသစ်နဲ့အတူ ရိုးရာမပျက်ခဲ့သောသင်္ကြန်”** ခေါင်းစဉ်ဖြင့် ၂၂-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၂၉-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် **“အုပ်ချုပ်ရေးစနစ် ပြောင်းလဲခဲ့ပေမယ့် အဖျက်အမှောင့်နဲ့ အပြစ်မဲ့ပြည်သူကို ခြိမ်းခြောက်သတ်ဖြတ်ရေး အလုပ်တွေကိုသာ အရှိန်မပျက်လုပ်နေဆဲ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသောင်ယံမြို့၌ အနာဂတ်လူငယ်နှင့် အခွင့်အလမ်းခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်

**ရွှေသောင်ယံ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ယမန်နေ့က Book Club အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် စာရေးဆရာ အောင်သစ် ရေးသားသော အနာဂတ်လူငယ်နှင့် အခွင့်အလမ်းခေါင်းစဉ်စာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်သည်။



အဆိုပါစာဖတ်ဝိုင်းတွင် စာအုပ်ပါ အခွင့်အလမ်းနှင့်အခက်အခဲ ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။ ထို့နောက် လူငယ်များ အလုပ်အကိုင်ရွေးချယ်ခြင်းနှင့် မိဘများ၏အကူအညီ ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးရာ “ဘာကိုစိတ်အဝင်စားဆုံးလဲဆိုတာသိအောင်လုပ်ပါ၊ လမ်းညွှန်မှုပေးပါ၊ အမိန့်မပေးပါနဲ့၊ လုပ်ငန်းအတွေ့အကြုံများ၊ ဘဝရှေ့ရေး မြော်တွေးတတ်ပါစေ၊ အပြုစိတ်ထားဖြင့် ညွှန်ကြားပြသပါ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်အဖြစ် လေ့လာဆန်းစစ်ပါ၊ သမီးမိန်းကလေးတွေကို အလွန်အမင်းစည်းကမ်းမတင်းကျပ်ပါနဲ့” စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေသောင်ယံ(ပြန်/ဆက်)**

## ဒေးဒရဲမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ဒေးဒရဲ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် မြို့နယ်အားကစားခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ ကျေးစာရေးများက အသက်(၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်အသစ် ပြုလုပ်လိုသည့် ကျောင်းသား ကျောင်းသူများအား လိုအပ်သည့်အချက်အလက်၊ အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းစိန်တို့က သွားရောက်ကြည့်ရှုအားပေးပြီး ပြည်သူများထံ ကတ်များကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**အေဇာလင်း**

## မြောင်းမြမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပေး



**မြောင်းမြ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရပ်ကွက်များအတွင်း မီးလောင်မှုများ၊ မီးလန့်မှုများ မဖြစ်ပွားစေရန် ရည်ရွယ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လိုက်နာရမည့်အချက်များ သိရှိလိုက်နာစေရေးအတွက် မီးသတိပေးဆော်ဩခြင်းလုပ်ငန်းကို ညပိုင်းအချိန်များတွင် မြို့ပေါ်ရပ်ကွက်များအတွင်း လိုက်လံအသိပေးခဲ့ရာ ယမန်နေ့က အမှတ်(၂) ရပ်ကွက်အတွင်း ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း နေထိုင်ကြသူများအားလုံး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို လိုက်လံအသိပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ငါးသိုင်းချောင်းမြို့၌ အသက် ၇၀ နှင့်အထက် အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေး



**ငါးသိုင်းချောင်း မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနတွင် အသက် ၇၀ နှင့်အထက် ဘိုးဘွား ၁၄၅ ဦးအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်၏ ဦးဆောင်မှုဖြင့် မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့ဆရာဝန်ဒေါက်တာဦးသန့်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက အဘိုးအဘွားများအား သွေးပေါင်ချိန်ခြင်း၊ ဆေးပေးခြင်း၊ ဆေးထိုးခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်ကြပြီး မြို့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဝေလွင်နှင့် အလှူရှင်များက အလှူငွေများနှင့် အာဟာရများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

## မိုင်းရှူးမြို့၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး

**မိုင်းရှူး မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လေးလေးယုနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ငုဝါတို့က ရာသီဥတုပူပြင်းသောကြောင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများဆုံးရှုံးမှု ပိုမိုများပြားလာကြောင်း၊ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးထွက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ကို ပြင်းထန်စွာခံစားရနိုင်ကြောင်းနှင့် အသက်အန္တရာယ်ထိခိုက်နိုင်ကြောင်း၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများအနေဖြင့် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သည့် ရှောင်ရန်၊ ဆောင်ရန်များအကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မိုင်းရှူး(ပြန်/ဆက်)**

## ငဖဲမြို့နယ်၌ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ငဖဲ မေ ၂၁**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုဝန်ထမ်း-၃ ဒေါ်နှင်းနွယ်အောင်က အမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် အကြမ်းဖက်ခံရမှု အမျိုးအစားများ၊ အကြမ်းဖက်မှုဖြစ်ပွားနိုင်သည့်အကြောင်းရင်းများ၊ အကြမ်းဖက်မှုခံရခြင်းမှ အကျိုးဆက်များ၊ အမျိုးသမီးများအကြမ်းဖက်ခြင်းခံရပါက လူမှုဝန်ထမ်းဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးမှုအခြေအနေများကို အသိပညာပေးဆွေးနွေး ပြောကြားသည်။

**မယု(ငဖဲ)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၄-၂၀၂၆ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၅** ရင်ခုန်စရာသဘာဝအလှတရားများနှင့် မြန်မာ့ဂုဏ်ဆောင် ငွေဆောင်ကမ်းခြေ
**၀၉:၁၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၁၁:၁၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၁၁:၃၅** ရွှေယိုးလင်း အားဆီးယံအစီအစဉ်
**၁၃:၁၀** သီချင်းကြီးပဒေသာ
**၁၃:၂၅** ရေအားလျှပ်စစ်ထုတ်လုပ်ပေးမည့် ထူကီယဲရေအရေကာတာကြီး
**၁၃:၃၀** MRTV National News
**၁၅:၃၀** Weekly Soccer Preview
**၁၆:၄၀** မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ
**၁၇:၁၅** နိုင်ငံတော်ရွှေသီးတိုက်ထုတ်လုပ်မှုအားပေးစို့
**၁၇:၄၀** NEXT LEVEL
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'စံအိမ်တက်ဖါ'** (အပိုင်း-၂၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၂၀** (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုကရေးတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) **'မဟာဇနက ဇာတ်တော်ကြီး'** (ပထမဆု) (မင်းနိုင်စိုး ဇာတ်အဖွဲ့) (မွန်ပြည်နယ်) (ပထမပိုင်း)

**mitv**

**07:02** Evergreen Classic: Sein Lae Kan Thar
**07:08** Tea Leaves
**07:16** Changing Trend of Myanmar Media Industry
**07:26** Healthy Soil, Healthy Food, Healthy People
**07:46** Beach Food Delivery
**08:26** Versatile Youths Gathering for Friendship
**08:38** Moe Ma Kha Elephant Camp (Ngwe Saung)
**09:01** Journey To The Mogok (Part-1)
**09:23** Wa Traditional Dance and Beauty

**Me**

**၀၆:၀၀** အဖွင့်၊ ဖျော်ဖြေတေးသီချင်းများ
**၀၆:၂၀** တိုင်းရင်းသားသီချင်း၊ အက(ချင်း)
**၀၆:၄၅** ကာတွန်း **'ဗိုလ်ကောင်ကြီးဥယျာဉ်စွန့်စားခန်း'** (အပိုင်း-၆)
**၀၇:၀၅** မြန်မာသံစဉ်တေးများ
**၀၇:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဂုဏ်မှာမိုးတွေ ရွာတုန်းက'** (အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)
**၀၈:၁၀** ဗေါ်ဒီယိုတေးများ
**၀၈:၃၀** ဇာတ်တော်ကြီး **'မဟာဇနက ဇာတ်တော်ကြီး'** (ပထမပိုင်း)
**၁၀:၀၀** Bollywood Hit Songs (21)
**၁၀:၃၅** ဇာတ်တော်ကြီး **'မဟာဇနက ဇာတ်တော်ကြီး'** (ဒုတိယပိုင်း)

**MRTV NRC**

**အရှေ့မိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရာသီပန်းကလေး ပွင့်လန်းလို့မွှေး
**ချင်း (ဖလမ်း) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းမလေးချက်သည့်ရရှိုင်ငှက်ပျောအူဟင်း
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်မြူရလူမျိုးတို့ရဲ့ကြက်ရိုးထိုးလေလှ
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်တို့၏ယုံကြည်ကိုးကွယ်ရာ စေတီပုထိုးတော်များ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
တိုရှာအလှနဲ့ရာသီစာ(အပိုင်း-၁)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းခေါင်းပေါင်းပေါင်းနည်း
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဟင်းနနွယ်နှင့်ကျန်းမာရေး
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
အပဲဝင်းကော
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ပညာပန်းနှင့်အလှဆင်
**ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သစ်ပင်ပေါ်မှာငွေရှိသည်
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဝင်ငွေတိုးတဲ့ပီလောပိန်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၈:၁၅** Sports Max
**၁၉:၁၅** ကျွန်းရိုးပိုယန်ကန်စီးရီး (အပိုင်း-၈)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၀:၄၅** Festivals Around The World

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၀၉:၃၀** လွှတ်တော်ရေးရာအဖြာဖြာ
**၁၀:၀၀** တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (Re[eat)
**၂၀:၀၀** ပြည်တွင်းသတင်း(၈-၄-၂၀၂၆)

**MRTV FARMERS**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၂၀** ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့
**၀၇:၄၀** စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းမှသည် အဆင့်မြင့်ပညာရေးဆီသို့
**၀၈:၃၀** နိုင်ငံတော်သာယာစိုသဘာဝပတ်ဝန်းကျင်ထိန်းကြစို့
**၀၉:၀၀** ခေတ်မီအဆင့်မြင့် အသားတိုးနွားမွေးမြူရေး သမဝါယမကဏ္ဍမှမြှင့်တင်ပေး
**၁၆:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'မာယာမြို့ပြ'** (အပိုင်း-၁၉၊ ၂၀)

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။




## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဧပြီ ၂၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ




## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီ ထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ် ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန**


**"ဝန်ဆောင်မှုများ ကောင်းစေရေး '1111' ဖြေကြားပေး"**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

# မြန်မာ့ပင်လယ်ပြင်၌ ငါးသယံဇာတပြန်လည်ဖွံ့ဖြိုးရန် မွေးမြူရေးကို ပိုမိုလုပ်ဆောင်ရန် လိုအပ်

**ရန်ကုန် ဧပြီ ၂၁**

လွန်ခဲ့သောနှစ်ပေါင်း ၃၀ နှင့် နှိုင်းယှဉ်ပါက မြန်မာ့ပင်လယ်ပြင်တွင် ရေသယံဇာတပေါ်များမှု ကျဆင်းလာပြီဖြစ်ရာ ရေထွက်ကုန် ပြတ်လပ်မှုကို အချိန်မီကုစားနိုင်ရေးနှင့် ငါးသယံဇာတပြန်လည်ဖွံ့ဖြိုးရေးအတွက် ဖမ်းဆီးရေးထက် မွေးမြူရေးကို ပိုမိုလုပ်ဆောင်ရန် လိုအပ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။



ပင်လယ်ပြင်ရေသယံဇာတပြန်လည်ပြည့်ဖြိုးမှုကို အထောက်အပံ့ဖြစ်စေသည့် မွေးမြူရေးလုပ်ငန်းကို တွေ့ရစဉ်။

**အလွန်အကျွံဖမ်းဆီးမှုနှင့် ပင်လယ်ပြင်ရေထုညစ်ညမ်းမှု**

မြန်မာ့ပင်လယ်ပြင်၌ ငါးသယံဇာတတည်ရှိမှုကို ၂၀၁၃၊ ၂၀၁၅နှင့် ၂၀၁၈ ခုနှစ်တို့တွင် ပြုလုပ်သည့် စစ်တမ်းများအရ ရေပေါ်ငါးသယံဇာတ ၉၀ ရာခိုင်နှုန်းနှင့် ရေအောက်ငါးသယံဇာတ ၆၀ရာခိုင်နှုန်း ကျန်ရှိပြီး ၂၀၂၂ ခုနှစ် စစ်တမ်းများအရ ရေပေါ်ငါးသယံဇာတ ၃၀ ရာခိုင်နှုန်းနှင့် ရေအောက်ငါးသယံဇာတ ၃၀ ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်း စစ်တမ်းများက ဖော်ပြထားသည်။ ထိုသို့ ငါးသယံဇာတကျဆင်းမှုသည် အလွန်အကျွံဖမ်းဆီးမှုနှင့် ပင်လယ်ပြင် ရေထုညစ်ညမ်းမှုဟူသည့် အဓိက အချက်နှစ်ချက်ကြောင့်ဖြစ်ကြောင်း သိရသည်။

**ပင်လယ်ရေထုညစ်ညမ်းမှုကို လျှော့ချနိုင်မည်**

ပင်လယ်ရေထုညစ်ညမ်းမှု၏ ၈၀ ရာခိုင်နှုန်းသည် ကုန်းတွင်းနှင့် ကမ်းရိုးတန်းဒေသများမှ စွန့်ပစ်အမှိုက်များ၊ ပလတ်စတစ်၊ ဖော့၊ တစ်ခါသုံးပစ္စည်းများ၊ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာ၊ စက်မှုလုပ်ငန်းမှ စွန့်ပစ်ရေများ၊ မြို့ပြများမှ မိလ္လာရေများ၊ အမှိုက်နှင့် အညစ်အကြေးစွန့်ပစ်ရေများကြောင့်ဖြစ်ပြီး စနစ်တကျထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် ပင်လယ်ရေထုညစ်ညမ်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း နော်ဝေသုတေသနအဖွဲ့(NIVA)၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ပင်လယ်ပြင်ထိန်းသိမ်းစောင့်ရှောက်မှုနှင့် မွေးမြူရေးကဏ္ဍ ဟန်ချက်ညီညီလုပ်ဆောင်**

"ကမ္ဘာမှာ ရေထွက်ကုန်ပစ္စည်းကို သဘာဝဖမ်းဆီးရေးအပိုင်းကို လျှော့ချပြီး မွေးမြူရေးကို ဦးစားပေးဆောင်ရွက်နေကြပါပြီ။ ကျွန်မတို့ နိုင်ငံမှာလည်း မွေးမြူနေတာတွေရှိပါတယ်။ ဒါပေမယ့် လိုအပ်ချက်တွေ ရှိနေသေးတယ်။ ဘယ်လောက်မွေးမြူရင် ပင်လယ်ပြင်မှာ ငါးသယံဇာတ ဘယ်လောက်တိုးလာနိုင်တယ်ဆိုတာကို သုတေသနပြုဖို့လည်း လိုပါတယ်။ သဘာဝသယံဇာတ ရှားပါးလာချိန်မှာ ဆက်ပြီးထုတ်ယူနေရင် မျိုးပြုန်းမယ်။ ပင်လယ်ပြင်မှာ လျော့နည်းသွားတဲ့ ရေသယံဇာတ ပြန်လည်ဖြည့်တင်းဖို့အတွက် ပင်လယ်ပြင်ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ မွေးမြူရေးကဏ္ဍကို ဟန်ချက်ညီညီလုပ်ဆောင်ဖို့ လိုပါတယ်။ ဒါမှသာ ငါးသယံဇာတ ပြန်လည်ပြည့်ဖြိုးလာမှာပါ" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

**ရေချိုငါးထုတ်လုပ်မှု အရှေ့တောင်အာရှ၌ အမြင့်ဆုံးဖြစ်ခဲ့**

မြန်မာနိုင်ငံသည် ငါးသယံဇာတကြွယ်ဝပြီး ၂၀၂၂ ခုနှစ်တွင် ကမ္ဘာပေါ်၌ ရေသယံဇာတ ပိုင်ဆိုင်မှုအဆင့် ၁၄ တွင်တည်ရှိကာ ရေချိုငါးထုတ်လုပ်မှုသည် အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်ခဲ့သည်။

**ဆယ်စုနှစ်အတွင်း ရေသယံဇာတဖွံ့ဖြိုးမှု ပြန်လည်တွေ့မြင်နိုင်**

မြန်မာ့ပင်လယ်ပြင်၌ ငါးသယံဇာတတည်ရှိမှု ကျဆင်းလာပြီဖြစ်ရာ ပြန်လည်ပြည့်ဖြိုးရေးအတွက် ရေထုညစ်ညမ်းမှုကို ကာကွယ်ခြင်း၊ ရေအောက်သန္တာကျောက်တန်းများ ထိန်းသိမ်းခြင်း၊ အလွန်အကျွံဖမ်းဆီးမှုကို ထိန်းချုပ်ခြင်းနှင့် ရေချိုရေငန်ငါးပုစွန်မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဆယ်စုနှစ်အတွင်း ရေသယံဇာတဖွံ့ဖြိုးမှုကို ပြန်လည်တွေ့မြင်နိုင်မည်ဟုလည်း ခန့်မှန်းထားသည်။

ဓာတ်ပုံ - ဇွဲမာန်- သစ္စာ(MNA)

## ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ဆင်ပေါင်ဝဲ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနက ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်နှင့် မီးဘေးသတိရှိစေရန် ရည်ရွယ်၍ ယနေ့ ညနေ ၄ နာရီက မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်သည်။

မြို့နယ်ပြည်သူများအနေဖြင့် နေအိမ်များတွင် မီးသတိပြုရန် မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့် မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိရန်၊ လျှပ်စစ်မီးအသုံးပြုရာတွင်လည်း မီးဘေးလုံခြုံရေးအတွက် အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ် ကြုံတွေ့ပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့် တစ်ပြေးညီ သတင်းပို့ဆောင်ရွက်ကြရန် စသည်တို့ကို မြို့ပေါ်ရပ်ကွက်နှင့် လမ်းဆုံများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် လှည့်လည်၍ မီးဘေးအန္တရာယ်ကာကွယ်ရေး ဆော်ဩခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ခန့်ဝင်း(ဆင်ပေါင်ဝဲ)

### ချင်းတွင်းမြစ်ရေ နောက်သုံးရက်အတွင်း ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဧပြီ ၂၁**

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်ပါသည်။

မိုး/ဇလ

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိပ်မင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## ရေခြွေတာရေး နည်းလမ်းများ

❊ ယာဉ်များ ဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❊ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

❊ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။

❊ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။

❊ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## ပြည်တက္ကသိုလ်၌ မူလတန်းပြ ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်းဖွင့်

ပြည် ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ရှိ မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက်က ပြည်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်နှင့် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး (ရုံးခွဲ)ပြည်မှ တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာချစ်ကိုကိုတို့က သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပြည်တက္ကသိုလ် အင်္ဂလိပ်စာဌာန စာသင်ဆောင်များ၌ သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိ သင်တန်းကာလတစ်လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ ပြည်ခရိုင်အတွင်း မြို့နယ်လေးခုမှ အခြေခံပညာမူလတန်းဆင့်သင် ဆရာ ဆရာမ စုစုပေါင်း ၃၀၀ တက်ရောက်ကြပြီး သင်တန်းတွင် ပြည်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ သင်တန်းနည်းပြ နှစ်ဦးအပါအဝင် ပြည်ပညာရေးဒီဂရီကောလိပ်မှ နည်းပြတစ်ဦးနှင့် အခြေခံပညာဦးစီးဌာနမှ နည်းပြ ဆရာ ဆရာမ ၁၀ ဦးတို့က စာတွေ့ လက်တွေ့ သင်ကြားပို့ချ ပေးလျက်ရှိကာ အခြေခံပညာမူလတန်းပြ ဆရာ ဆရာမများအား အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာအရေး၊ အပြော၊ အဖတ်နှင့် နားထောင်ခြင်း (4 Skills) ပိုမိုကျွမ်းကျင်လာစေရန်နှင့် သင်ကြားမှုအရည်အသွေး မြင့်မားလာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် KTV နှင့် စင်တင်တေးဂီတလုပ်ငန်းများ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက မြောင်းမြမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်၍ ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းလွင်၊ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်လျှပ်စစ်တို့မှ တာဝန်ရှိသူများက မီးဘေးလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများအား စစ်ဆေးဆောင်ရွက်စဉ်။ ဇေယျာ (ပြန်/ဆက်)

## မြင်းခြံမြို့၌ မူလတန်းပြ ဆရာ ဆရာမများ အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းဖွင့်

မြင်းခြံ ဧပြီ ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ မူလတန်းပြ ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course) ဖွင့်ပွဲ



အခမ်းအနားကို ယမန်နေ့က မြင်းခြံတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ပြုလုပ်ရာ မြင်းခြံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီးက အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြင်းခြံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြင်းခြံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီးနှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်နှင်းအေး၊ မြို့နယ်ပညာရေးမှူး ဒေါ်နီနီဝင်း၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသား ဆရာ ဆရာမများ တက်ရောက်ကြသည်။

အဆိုပါ အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိ ၂၃ ရက်ကြာ သင်တန်းနည်းပြ ငါးဦးဖြင့် သင်တန်းသား ဆရာ ဆရာမ စုစုပေါင်း ၁၀၀ အား သင်တန်း ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**

## ပေါင်းတည်၌ စားအုန်းဆီများ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ကွင်းဆင်းစစ်ဆေး

ပေါင်းတည် ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများ စားအုန်းဆီဝယ်ယူစားသုံးနိုင်ရေးအတွက် ယမန်နေ့က မြို့နယ်ဈေးကွက်အတွင်း တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

စားအုန်းဆီခွဲတမ်း ရရှိထားသည့် စားသုံးဆီကိုယ်စားလှယ်များ အနေဖြင့်ပြင်ပပေါက်ဈေးထက် သက်သာသော ဒေသသတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ရောင်းချပေးနေခြင်း ရှိ မရှိကို ဈေးကွက်အတွင်း စုံစမ်းစစ်ဆေးကြရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအာကာစိုး ဦးဆောင်၍ မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီအဖွဲ့မှ စားသုံးသူရေးရာဦးစီးဌာန၊စည်ပင်သာယာရေးအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဆီလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများ ပူးပေါင်းကာ ဆီကိုယ်စားလှယ်ဆိုင်ကြီး ခြောက်ဆိုင်၏ နေ့စဉ်ဖြန့်ဖြူးရောင်းချပေးနိုင်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဒေသရည်ညွှန်း ဈေးနှုန်းအတိုင်း ရောင်းချနိုင်ရေး အသိပေးမှာကြားခဲ့ကြောင်း သိရသည်။

**ရွှေသား(IPRD)**



## လပွတ္တာမြို့နယ်၌ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် unique ID နံပါတ်ကွင်းဆင်းဆောင်ရွက်ပေး

လပွတ္တာ ဧပြီ ၂၁

ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ကြီးမှူး၍ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် unique ID နံပါတ်ထုတ်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက လပွတ္တာမြို့အမှတ် (၁) ရပ်ကွက်၊ ဇိနသီရိထွဋ်ခေါင် သာသနာ့အလင်းရောင်ဘုရားကြီး တန်ဆောင်းနှင့် သာသနာ့ဗိမာန်တို့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရက် (၁၀၀) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ပပဝင်းနှင့် မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်လင်း၏ ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ ကျေး စာရေးများက အသက် (၁၀)နှစ် ပြည့်၊ (၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်အသစ် ပြုလုပ်လိုသည့် ကျောင်းသား ကျောင်းသူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်နေမှုများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံရင်မော်နှင့် အဖွဲ့များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းရွှေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်လင်း၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမင်းနှင့်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

## အလုံမြို့နယ် လူမှုဖူလုံရေးရုံး၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး




အလုံ ဧပြီ ၂၁

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ ကျန်ရစ်သူငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အလုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Shwe Taung Development Co.,Ltd. မှ အာမခံအလုပ်သမား ဦးကျော်ဇင်လတ်၏ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ခဲ့မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ်သိန်း ၁၅၀ ကို သေဆုံးသူ၏ ဇနီးဖြစ်သူ နော်အေးစတား (ခ) နော်အက်စတာထံ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံနှင့် အလုပ်ဌာနမှ တာဝန်ရှိသူများ၏ရှေ့တွင် လက်ဝယ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ယောရော(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့် လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်း များ မပြုပါနှင့်။

